ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (27-8-2010) (၆၅၀၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျော်မျိုးနောင် ၏ "မျက်မှောက်နှင့် အနာဂတ်အကျိုးနှစ်ရပ် ဖော်ဆောင်မည့် အထူးစီမံကိန်းများ" ဆောင်းပါးကို စာမျက်နှာ (၈၊၉) တွင် ဖတ်ရှုနိုင်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်ကြောင်း ကြေညာ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၉၆/၂၀၁၀)

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)

လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက်နှင့် အမည်စာရင်း နောက်ဆုံးတင်သွင်းရမည့် နေ့ရက်များကို ကြေညာချက်အမှတ်(၉၀/၂၀၁၀)ဖြင့် သတ်မှတ်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသော နေ့ရက်များအတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ရုံးဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် အမည်စာရင်းတင်သွင်းရာတွင် ဆောင်ရွက်ရမည့် တရားသူကြီးရှေ့မှောက်တွင် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တရားရုံးအသီးသီးကိုလည်း စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သတ်မှတ်ရုံးချိန်အတွင်း ရုံးဖွင့်လှစ်ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ အလားတူ လွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ခွင့်မှတ်ပုံတင်ကြေး ပေးသွင်းနိုင်ရန်အတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်အဆင့် မြန်မာ့စီးပွားရေးဘဏ်များကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သတ်မှတ်ရုံးချိန်အတွင်း ဖွင့်လှစ်ဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၅။ သို့ပါ၍ အမည်စာရင်းတင်သွင်းကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် သတ်မှတ်ကာလအတွင်း စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာလိုက်သည်။

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ယနေ့ ကြေးမုံ သတင်းအညွှန်း



ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး။

(သတင်း) စာမျက်နှာ - (၇)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာ၌ နမ့်ကျန်ရေလှောင်တမံဖွင့်ပွဲကျင်းပ။

(သတင်း) စာမျက်နှာ - (၃)

ပါကစ္စတန်တောင်ပိုင်းတွင် ရေလွှမ်းမိုးမှု ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိ။

(သတင်း) စာမျက်နှာ - (၅)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **"ဝ" ဒီမိုကရက်တစ်ပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ**နှင့် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ Rakhine Nationalitics Development Party (RNDP)**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၀)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၂၇-၈-၂၀၁၀

(သောကြာနေ့)

အရည်အသွေးကောင်းစပါးမျိုးများစိုက်ပျိုးထုတ်လုပ်

စားနပ်ရိက္ခာဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိကစိန်ခေါ်မှု တစ်ရပ်ဖြစ်နေသည်။ နေရာဒေသမရွေး နေ့စဉ်စားနပ်ရိက္ခာဖူလုံစွာရရှိရေး၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ရေးတို့သည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ လယ်ယာစိုက်ပျိုးသောနိုင်ငံတိုင်းက သီးနှံပိုမိုစိုက်ပျိုးထွက်ရှိရေး အားထုတ်ကြိုးပမ်းနေကြပြီဖြစ်သည်။

နိုင်ငံအတွင်း ရေမြေရာသီဥတုကောင်းမွန်သဖြင့် မြေသယံဇာတများအကျိုးရှိရှိ အသုံးချနိုင်ရေး ကြိုးပမ်းကြရပေမည်။ နိုင်ငံ၏ လူဦးရေ အများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသည်။ လယ်ယာကဏ္ဍမှသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးပိုလျှံစွာထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံဖော်ဆောင်လျက်ရှိသည်။ စိုက်ပျိုးမြေသယံဇာတများ ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ ခေတ်မီလယ်ယာစိုက်ပျိုးရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး ဖြည့်ဆည်းပေးနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ရေမြေအခြေအနေပေးသည့် နေရာတိုင်းတွင် ဆည်တမံရေထိန်းတံခါးများ တည်ဆောက်ပေးလျက်ရှိရာ စိုက်ပျိုးရေရရှိနေကြပြီ။ အချို့ဒေသများတွင် မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်ကြပြီ။ မိုးစပါး၊ နွေစပါးသာမက သီးထပ်သီးညှပ် သီးနှံစုံစိုက်ပျိုးအကျိုးဖြစ်ထွန်းမှုများ ရရှိနေကြပြီ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုမ္ပဏီအချို့က စံပြစိုက်ပျိုးရေး အထူးဇုန်များကို အကောင်အထည်ဖော်လျက် ရှိသည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ခေတ်မီ လယ်ယာစိုက်ပျိုးရေးအထူးဇုန်(၁)နှင့် အထူးဇုန်(၂)တို့တွင် မိုးစပါးများ စတင်စိုက်ပျိုးနေကြပြီ။ ရေထိန်းတံခါးတည်ဆောက်ပေးထားရာ မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ပြီး ရေတော်မိုးတော်လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

စံပြစိုက်ပျိုးရေး အထူးဇုန်များအနေဖြင့် သာမန်စိုက်ပျိုးရုံသာမက ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရပေမည်။ သီးနှံအထွက်နှုန်းတိုးပြီး အရည်အသွေးကောင်းမွန်ရေး အလေးထားကြရပေမည်။ ပိုးမွှားဒဏ်ခံနိုင်သော စပါးမျိုးများ ထုတ်လုပ်စိုက်ပျိုးရေး၊ မြေအမျိုးအစားအလိုက် ပြုပြင်စိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ကောင်းမွန်ရေး ဟန်ချက်ညီညီ ကြိုးပမ်းသွားကြရပေမည်။ သက်ဆိုင်ရာကုမ္ပဏီများ၊ စိုက်ပျိုးသူ တောင်သူများနှင့် ကျွမ်းကျင်စိုက်ပျိုးရေး ပညာရှင်များ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီလယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ စစ်တွေမြို့ စစ်တွေလေဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ အမ်းနှင့် စစ်တွေ လေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့ အမ်းလေဆိပ်သို့ ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမ်းလေဆိပ်နှင့် စပ်လျဉ်းသည်များ၊ လေယာဉ်ပြေးလမ်းအခြေအနေနှင့် လေဆိပ်မျှော်စင်တည်ဆောက်ပြီးစီးမှု လေယာဉ်ရပ်နားရာနေရာနှင့် လေဆိပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း အခြေအနေ၊ လေယာဉ်ရပ်နားရာနေရာနှင့် မျှော်စင်ပြီးစီးမှု၊ လေယာဉ်များဆင်းသက်မှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဩဂုတ် ၂၃ရက်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးကျော်စိုးက စစ်တွေလေဆိပ်၏ တည်နေရာနောက်ခံသမိုင်း၊ လေယာဉ်ကွင်းပြုပြင် ထိန်းသိမ်းခဲ့မှု၊ လေယာဉ်ပြေးလမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု၊ လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ကွင်းပင်မရေနုတ်မြောင်း အုတ်စီခြင်းနှင့် ပြေးလမ်းမြောက်ဘက်ထိပ် Runway End Safety Area မြေသားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ ပြီးစီးမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စစ်တွေလေဆိပ်နှင့် လေယာဉ်ပေါ်သို့ ခရီးသည်များ တက်ဆင်းနေမှု၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လေဆိပ်လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၆

၂၀၁၀ ပြည့်နှစ် ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၂) လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားကာ **(ဝဲပုံ)**ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီး ခင်မောင်အေး၊ အတွင်းရေးမှူးဦးစိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖူဆယ်ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)

BCB Centre က Confidence-Building Program သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building (BCB) Centre က လူငယ်များအတွက် မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန်နှင့် စွမ်းရည်မြှင့်တင်မှုရှိစေရန် ရည်ရွယ်၍ Confidence -Building Program သင်တန်းကို စက်တင်ဘာ ၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအောင်မြင်သူများနှင့် ဘွဲ့ကြိုသင်တန်း တက်ရောက်နေသူများအားလုံး တက်ရောက်နိုင်ကြောင်း သိရှိရသည်။

ထိုသင်တန်းတွင် လူငယ်များအတွက် ပို့ချမည့်အကြောင်းအရာ (၁၁)ခု ပါဝင်မည်ဖြစ်သည်။ မိမိကိုယ်မိမိ ဝတ်စားဆင်ယင်မှုနှင့် သပ်သပ်ရပ်ရပ် နေထိုင်သွားလာပြုမူစေရန်၊ ပျော်ရွှင်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်း/အသင်းအဖွဲ့များတွင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းများရှိလာစေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေးတွင်လည်း ရှင်းလင်းစွာ ပြောဆိုတတ်မှုရှိစေရန်၊ အင်္ဂလိပ်ဘာသာစကားကိုလည်း ယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ ကွန်ပျူတာအသုံးပြုမှုတွင် လက်တွေ့ကျကျ အသုံးချတတ်စေရန်နှင့် အင်တာနက်အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုတတ်မှုရှိစေရန် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ စက်တင်ဘာ ၆ရက်မှ အောက်တိုဘာ ၁၉ ရက်အထိဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲ၊ တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရမည်ဖြစ်သည်။ သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကို ကန့်သတ်လက်ခံမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း (၄၀၅) အမှတ် (၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၂) တပ်မတော်ဆေးရုံသို့ သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၅၄ဦးတို့သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါဆေးရုံသို့ သွားရောက်၍ (၂၄)ကြိမ်မြောက်အဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူးထံ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးအိတ်နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန် ဦးစီးဌာနမှ ဝန်ထမ်းများ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် (၂၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် နမ့်ကျန်ရေလှောင်တမံဖွင့်ပွဲ တက်ရောက်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင် နမ့်ကျန်ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဩဂုတ် ၂၂ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာ၌ ကျင်းပသော နမ့်ကျန်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နမ့်ကျန်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က နမ့်ကျန်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံ တည်ဆောက်ထားရှိမှုနှင့် တမံအတွင်း ရေရောက်ရှိမှု အခြေအနေများ၊ ရေလှောင်တမံမှ ရေကန်တောင်ရေပေးဝေရေးစီမံကိန်းသို့ ရေပိုက်လိုင်းသွယ်တန်းထားရှိမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာရှိ နမ့်ကျန်ရေလှောင်တမံကို တွေ့ရစဉ်။

(သတင်းစဉ်)

ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ဥပဒေအရာရှိအဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေ့နေချုပ် ဦးအေးမောင် ဥပဒေအရာရှိ အဆင့်(၄) (အစမ်းခန့်)များ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၁/၂၀၁၀)သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသည့် ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၀၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဥပဒေအရာရှိများအား ဥပဒေရေးရာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သုံးလကျော် သင်ကြားပို့ချပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်သူ့ဝန်ထမ်းများ သိသင့်တတ်သင့်သည့် ပညာရပ်များ ဆက်လက်သင်ယူစေနိုင်ရန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ဖွင့်လှစ်မည့် အခြေခံအရာထမ်းငယ်သင်တန်းကို တက်ရောက်စေမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး၍ တာဝန်ကျရာဒေသများ၌ တာဝန်ထမ်းဆောင်သည့်အခါ ရှေ့နေ၊ ရှေ့ရပ်များ၏ကျင့်ဝတ်၊ တရားခွင်ဆိုင်ရာကျင့်ဝတ်၊ ဥပဒေအရာရှိများ၏ကျင့်ဝတ်များအပြင် ဝန်ထမ်းဆိုင်ရာကျင့်ဝတ်များကိုပါ လေးစားလိုက်နာပြီး ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ရှေ့နေချုပ်သည် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဟားခါးမြို့ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကပ္ပတီလ်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ခွဲအတွင်းရေးမှူး ဦးအုန်းချိုက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံကာ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များပြီးစီးရေး၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းကျွမ်းကျင်မှုရှိရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု နယ်မြေများအလိုက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်းကူးတံတားတည်ဆောက်

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ဆောင်ရွက်သော ကုန်သည်လမ်းရှိ သရဖီလမ်းဆုံတွင် သံကူကွန်ကရစ် ရေမြောင်းကူးတံတား တည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူမင်း တံတားဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်၏ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ အကပြိုင်ပွဲ
- ၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၈း၂၀ ၇။ “လူကူးမျဉ်းကျားမှကူးမယ်”
- ၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ “အား. . . နာတယ်”
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာ အထူးပြု)(အင်္ဂလိပ်စာ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅း၁၅ ၇။ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၅း၃၅ ၈။ “ရိုးသားဖြူစင် ကလေးတို့အသွင်”
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဆူးလွှမ်းသောချစ်နှင်းဆီ” (ဒုတိယတွဲ)(အပိုင်း-၂၉)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ တို့လက်တွေတွဲထား [Mဆိုင်း၊ တေးရေး-စိုးသီဟ (ရောင်စဉ်လှိုင်း)]
- ၁၇။ **“လျှပ်တစ်ပြက်ဟာသများ”**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ပထမတွဲ) (အပိုင်း-၁၆)**
- ၁၉။ သီချင်းချစ်သူ(Bambino)
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ဘေရွတ်၌ ဟစ်ဇ်ဘိုလာနှင့် ဆွန်နီများအကြား တိုက်ပွဲဖြစ် လက်ဘနွန် တပ်ဖွဲ့ဝင်များ အလုံးအရင်းဖြင့် ဖြန့်ကြက်ထား

ဘေရွတ် ဩဂုတ် ၂၆

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင်း၌ ရှီးယိုက် ဟစ်ဇ်ဘိုလာအုပ်စုနှင့် ဆွန်နီအုပ်စုများအကြား အင်္ဂါနေ့က စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့၍ လူလေးဦးသေဆုံးပြီးနောက် လက်ဘနွန်တပ်ဖွဲ့များကို ဘေရွတ်မြို့တွင်း၌ အလုံးအရင်းဖြင့် ဖြန့်ကြက်ထားကြောင်း ဩဂုတ် ၂၅ ရက် သတင်းများ တွင် ဖော်ပြသည်။

ရှီးယိုက်ဟစ်ဇ်ဘိုလာများနှင့် ဆွန်နီအုပ်စုများသည် ဘေရွတ်မြို့တွင်း၌ လမ်းပေါ်တိုက်ပွဲများ ဆင်နွှဲခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် စက်သေနတ်များ၊ ဒုံးကန်အားသုံး လက်ပစ်ဗုံးများ အသုံးပြုကာ တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

မျက်မြင်သက်သေများ၏ အဆိုအရ အဆိုပါ ပဋိပက္ခသည် ယာဉ်ရပ်နားရာနေရာ အငြင်းပွားမှုမှ စတင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုသည် လေးနာရီအထိ ကြာမြင့်ခဲ့ပြီး ၂၀၀၈ ခုနှစ် မေလတွင် ဆွန်နီညွှန့်ပေါင်းအစိုးရနှင့် ဟစ်ဇ်ဘိုလာများအကြား ဖြစ်ပွားခဲ့သော လူ ၁၀၀ ခန့် သေဆုံးခဲ့ရသည့် အာဏာလွန်ဆွဲပွဲ ပြီးဆုံးပြီး နောက်ပိုင်း အဆိုးရွားဆုံး အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်သည်။

၂၀၀၅ခုနှစ်က ဖြစ်ပွားသော ဆွန်နီအုပ်စုဝင် လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ခ်ဟာရီရီ လုပ်ကြံခံရမှုတွင် ဟစ်ဇ်ဘိုလာများ ပါဝင်ပတ်သက်နေကြောင်း သတင်းများထွက်ပေါ်ခဲ့ရာ ရှီးယိုက် ဟစ်ဇ်ဘိုလာများနှင့် ဆွန်နီများအကြား အခြေအနေတင်းမာခဲ့သည်။ ***အင်တာနက်။***

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အတွင်း ဖြစ်ပွားခဲ့သော ဟစ်ဇ်ဘိုလာနှင့် ဆွန်နီများ၏ စစ်ရေးပဋိပက္ခ၌ ပါဝင်ပစ်ခတ်နေသူတစ်ဦး။



ဆော်ဒီအာရေဗျမှ ပြန်လာသော သီရိလင်္ကာ အိမ်ဖော်အမျိုးသမီး၏ ခန္ဓာကိုယ်တွင်း၌ အပ် ၂၄ ချောင်း နစ်ဝင်နေကြောင်း စစ်ဆေးတွေ့ရှိ

ကိုလံဘိုယာ ဩဂုတ် ၂၆

ဆော်ဒီအာရေဗျနိုင်ငံ၌ အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်၏ မတရားညှဉ်းပန်းနှိပ်စက်မှုကြောင့် နေရင်း နိုင်ငံသို့ ပြန်ရောက်လာသည်ဆိုသော သီရိလင်္ကာနိုင်ငံသူအမျိုးသမီး၏ ခန္ဓာကိုယ်တွင်း၌ အပ်ချောင်း ၂၄ ချောင်း နစ်မြုပ်ဝင်ရောက်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သီရိလင်္ကာတာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

အယ်လ်တီ အရီယာဝါသီဆိုသည့် သီရိလင်္ကာနိုင်ငံသူက ၎င်း၏ အလုပ်ရှင်သည် ၎င်းကို အပြစ်ပေးရာတွင် အပ်များကို ၎င်း၏ ခန္ဓာကိုယ်တွင်းသို့ ရိုက်ထည့်ခဲ့ကြောင်း တိုင်တန်းခဲ့ရာ သီရိလင်္ကာ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အောက်ပုံ)**

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သည့် အရေးယူမှုများပြုလုပ်နိုင်ရေးအတွက် သီရိလင်္ကာတာဝန်ရှိသူများနှင့် ဆော်ဒီ အာဏာပိုင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီးက ပြောကြားသည်။

အရီယာဝါသီသည် ဆော်ဒီအာရေဗျသို့ မတ်လအတွင်းက သွားရောက်ခဲ့ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်က သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ၎င်း၏ တိုင်ကြားချက်အရ ဆရာဝန်များက စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၎င်း၏ ကိုယ်တွင်း၌ အပ်များ နစ်မြုပ်ဝင်ရောက်နေကြောင်း အတည်ပြုခဲ့သည်။ လက်ရှိတွင် အရီယာဝါသီကို ဒေသန္တရဆေးရုံတစ်ရုံ၌ ဆေးကုသမှု ပြုလုပ်ပေးလျက်ရှိသည်။ ***အင်တာနက်။***

ကိုလံဘီယာတွင် မီးတောင်ပေါက်ကွဲ ဒေသခံများ ဘေးလွတ်ရာ တိမ်းရှောင်

ဘိုဂိုတာ ဩဂုတ် ၂၆

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းတွင် ဂယ်လာရက်စ်အမည်ရှိ မီးတောင်တစ်လုံးပေါက်ကွဲရာ လူပေါင်းများစွာတို့ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဩဂုတ် ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

ကိုလံဘီယာ ဘူမိဗေဒနှင့် သတ္တုတူးဖော်ရေးသိပ္ပံ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ယင်းမီးတောင်သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် စတင်ပေါက်ကွဲခဲ့ပြီး ခဲတတ်ငွေ့များ၊ ပြာများနှင့် ရေငွေ့များကို မှုတ်ထုတ်ခဲ့ကြောင်း သိရသည်။

ဂယ်လာရက်စ် မီးတောင် တောင်ထိပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၄၀၂၉ ပေတွင် တည်ရှိသည်။

ကိုလံဘီယာ ကြက်ခြေနီအဖွဲ့၏ ထုတ်ပြန်ချက်အရ မီးတောင်ပေါက်ကွဲမှုကြောင့် နေအိမ်များကို စွန့်ခွာထွက်ပြေးရသူ ၂၇၈ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်တောင်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

ကဘူး ဩဂုတ် ၂၆

အာဖဂန်နစ္စတန် မြောက်ပိုင်း ကန်ဒုဇ်မြို့တွင် ဩဂုတ် ၂၆ ရက်က စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

စစ်သွေးကြွ ၁၀ ဦးမျှသည် ကန်ဒုဇ်မြို့ပြင်ရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကန်ဒုဇ်ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းစစ်သွေးကြွများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ နယ်ကျော်ဝင်ရောက် လှုပ်ရှားလာသော ရုရှားချေချင်းညာဒေသမှ စစ်သွေးကြွများဖြစ်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်တပ်ဖွဲ့၏ ပြန်လှန်ပစ်ခတ်မှုများကြောင့် စစ်သွေးကြွနှစ်ဦးမှ သုံးဦးအထိ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ပြည်နယ်တာဝန်ရှိသူတစ်ဦး၏ အဆိုအရ စစ်သွေးကြွများသည် အာဖဂန်ရဲတပ်ဖွဲ့ဝင်များ၏ လက်နက်ခဲယမ်းများကို ရယူရန် ရှောင်တစ်ခင် ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကန်ဒုဇ်ပြည်နယ်သည် နိုင်ငံခြားတပ်ဖွဲ့များ ထောက်ပံ့ရေးပစ္စည်းများကို တာဂျီကစ္စတန်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းတင်ပို့ရာ ပြည်နယ်ဖြစ်သည်နှင့်အညီ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော ဒေသဖြစ်သည်။ ***ဆင်ဟွာ။***

တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကန်ဒုဇ်မြို့မှ စစ်ဆေးရေး စခန်းတစ်ခုတွင် စောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦး။

အီရတ်ဆွန်နီလက်နက်ကိုင်များကို စစ်သွေးကြွများ တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၂၆။ ။ အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ အီရတ်အစိုးရ ကျောထောက်နောက်ခံပြု ဆွန်နီလက်နက်ကိုင်အုပ်စုများကို လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့က ဩဂုတ် ၂၆ ရက်တွင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဆွန်နီလက်နက်ကိုင်ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လက်နက်ကိုင်စစ်သွေးကြွအဖွဲ့သည် ဒီယာလာပြည်နယ်ရှိ အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေး ဆွန်နီလက်နက်ကိုင်အုပ်စု၏ ရုံးကို အလစ်အငိုက်ဝင်ရောက်ကာ အစောင့်နှစ်ဦးကို သတ်ဖြတ်ခဲ့သည်။ ယင်းနောက် ၎င်းစစ်သွေးကြွများ၏ လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် အိပ်စက်နေသူ ဆွန်နီလက်နက်ကိုင်လေးဦး ထပ်မံသေဆုံးခဲ့ကြောင်း ဒီယာလာပြည်နယ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုသည် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများ အဆုံးသတ်မည့် ဩဂုတ် ၃၁ ရက်မတိုင်မီ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဆွန်နီလက်နက်ကိုင်အုပ်စုများသည် အမေရိကန်တပ်ဖွဲ့၊ အီရတ်အစိုးရတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ၂၀၀၆ခုနှစ်မှစတင်၍ အယ်လ်ခိုင်ဒါအုပ်စုကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ယင်းအချိန်မှစ၍ ဆွန်နီလက်နက်ကိုင်အုပ်စုများသည် စစ်သွေးကြွများ၏ ပစ်မှတ်ဖြစ်လာခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ပင်လယ်တွင်း နှစ်ရက်ကြာမျောနေသော ဗီယက်နမ်ရေလုပ်သားများအား ကယ်ဆယ်

ဟန္နွိုင်း ဩဂုတ် ၂၆။ ။ အပူပိုင်းမုန်တိုင်းကြောင့် သင်္ဘောနစ်မြုပ်ပြီးနောက် ပင်လယ်ပြင်တွင်း နှစ်ရက်ကြာမျှ မျောပါခဲ့သော ဗီယက်နမ်ရေလုပ်သား ၁၀ ဦးကို ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ရေလုပ်သားများသည် ဩဂုတ် ၂၃ ရက်က မင်းဒေါလ် အပူပိုင်းမုန်တိုင်းကျရောက်စဉ်အတွင်း ၎င်းတို့၏ သင်္ဘောနစ်မြုပ်ခဲ့သည့်အတွက် ပင်လယ်ပြင်ထဲ၌ မျောပါခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးသင်္ဘောသုံးစင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့သည် ၎င်းတို့တည်ရှိရာသို့ ရှာဖွေနိုင်ခြင်းမရှိချေ။

သို့သော် ဩဂုတ် ၂၅ ရက် ညပိုင်း၌ ဗီယက်နမ်ငါးဖမ်းသင်္ဘောနှစ်စင်းက ပင်လယ်အတွင်း မျောပါနေသော ရေလုပ်သားများကို တွေ့ရှိကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်္ဂါနေ့က ဗီယက်နမ်မြောက်ပိုင်းနှင့် အလယ်ပိုင်းကမ်းရိုးတန်းဒေသတွင် မင်းဒေါလ်မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၀ ဦး သေဆုံးပြီး ၆၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လူသေအလောင်း ၇၀ ကျော်တွေ့ရှိခဲ့သော မက္ကဆီကို မြောက်ပိုင်းမှ မွေးမြူရေးခြံ။

မက္ကဆီကိုတွင် အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော ရွှေ့ပြောင်းနေထိုင်သူ ၇၀ ကျော် မူးယစ်ဂိုဏ်းကြောင့် သေဆုံးခဲ့ရ

မက္ကဆီကို ဩဂုတ် ၂၆။ ။ မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ တိရစ္ဆာန်မွေးမြူရေးခြံတစ်ခုအတွင်း၌ သေဆုံးနေသူ ၇၂ ဦးတို့ကို ဩဂုတ် ၂၄ ရက်က တွေ့ရှိခဲ့ရာ ယင်းအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသော မက္ကဆီကို တာဝန်ရှိသူများက သေဆုံးသူများသည် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် ကြိုးပမ်းခဲ့သော ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြောင်း ပြောကြားသည်။

မက္ကဆီကို တာဝန်ရှိသူများ၏ အဆိုအရ သေဆုံးသူများသည် အမျိုးသား ၅၈ ဦးနှင့် အမျိုးသမီး ၁၄ ဦးတို့ဖြစ်ပြီး တောင်အမေရိကတိုက်နှင့် ဗဟိုအမေရိကနိုင်ငံများမှ လာရောက်သူများဖြစ်ကြောင်း သိရသည်။

မူးယစ်မှောင်ခိုသမားများဟု ယူဆရသူများနှင့် မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲတစ်ရပ်ဖြစ်ပွားပြီးနောက် ရွှေ့ပြောင်းဝင်ရောက်သူများ၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အသက်ရှင်ကျန်ရစ်သူ အီကွေဒေါနိုင်ငံသားတစ်ဦးက ၎င်းတို့ကို လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲခဲ့ပြီး သတ်ဖြတ်ရန် ကြိုးစားခဲ့ကြောင်း မက္ကဆီကို ရဲတပ်ဖွဲ့ကိုပြောကြားသည်။ ပြန်ပေးဆွဲခံရသူများသည် မူးယစ်ဂိုဏ်းများအတွက် အလုပ်လုပ်ပေးရန် ငြင်းဆန်ခဲ့သောကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အီကွေဒေါနိုင်ငံသားသည် မူးယစ်ဂိုဏ်းဝင်များ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရခဲ့ပြီး ထွက်ပြေးလွတ်မြောက်ကာ မက္ကဆီကို မရိန်းတပ်ဖွဲ့ဝင်များကို ဖြစ်ပျက်ပုံအား သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ပါကစ္စတန်တောင်ပိုင်းတွင် ရေလွှမ်းမိုးမှု ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိ

သဘာဝဘေးအန္တရာယ်သတင်း

အစ္စလာမ္မာဘတ် ဩဂုတ် ၂၆ ။ ။ ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းမိုးမှုအန္တရာယ် ထပ်မံပေါ်ပေါက်လျက်ရှိခြင်းကြောင့် မြို့ပေါင်းသုံးမြို့မှ မြို့နေလူထု လေးသိန်းကျော်ကို ဘေးလွတ်ရာသို့ တိမ်းရှောင်ရန် ပါကစ္စတန် အာဏာပိုင်များက ဩဂုတ် ၂၆ ရက်တွင် သတိပေးခဲ့ကြောင်း သိရသည်။

ဆင်းပြည်နယ်ကို ဖြတ်သန်းစီးဆင်းသော အိန္ဒုမြစ်ရေသည် မြစ်ကမ်းတစ်ဖက်တစ်ချက်ကို ကျော်လွန်လျှံတက်လာခြင်းကြောင့် ရေဘေးအန္တရာယ်သတိပေးချက်တစ်ရပ်ကို ပါကစ္စတန်အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

ရေလွှမ်းမိုးမှုဒဏ်ခံနေရသော ပါကစ္စတန်ဒေသအချို့၌ ရေကျဆင်းစပြုပြီဖြစ်သော်လည်း အာရေဗီးယန်းပင်လယ်၏ ဒီရေအတက်မှာ ကြမ်းတမ်းလာခြင်းကြောင့် ဆင်းပြည်နယ်၌ ရေလွှမ်းမိုးမှု အန္တရာယ်ထပ်မံပေါ်ပေါက်မည့် အလားအလာများကို တွေ့မြင်နေရကြောင်း သိရသည်။

ပါကစ္စတန်တာဝန်ရှိသူများက ပါကစ္စတန်နိုင်ငံသားများ ရင်ဆိုင်နေရသော ရေဘေးဒုက္ခအပေါ် အခွင့်ကောင်းယူ အမြတ်မထုတ်ရန် အစ္စလာမ္မစ်စစ်သွေးကြွများကို သတိပေးစကား ပြောကြားခဲ့သည်။

ပါကစ္စတန်အခြေစိုက် စစ်သွေးကြွအဖွဲ့များနှင့် ဆက်နွယ်သော ပရဟိတအဖွဲ့များကလည်း ပါကစ္စတန်ရေဘေးဒုက္ခသည်များကို အထောက်အပံ့များပေးအပ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ထပ်မံပေါ်ပေါက်နိုင်ဖွယ်ရှိသည့် ရေဘေးအန္တရာယ်ကြောင့် ဩဂုတ် ၂၆ ရက်တွင် ပါကစ္စတန်တောင်ပိုင်းနေ ဒေသခံများကို ရွှေ့ပြောင်းပေးလျက်ရှိရာ ဒုက္ခသည်များဖြင့် ပြည့်လျှံလုနီးပါးဖြစ်နေသော ရေဘေးဒုက္ခသည်စခန်းများ၏ အခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ စားရေရိက္ခာရရှိရန် စောင့်ဆိုင်းနေသော ရေဘေးဒုက္ခသည်များ။

အာဖရိက အရှေ့ပိုင်း၌ ဆေးဝါးအတုကိုးတန်ခန့် သိမ်းဆည်းရမိ

အာဘစ်ဂျန် (အိုင်ဗရီကို့စ်) ဩဂုတ် ၂၆

အာဖရိက အရှေ့ပိုင်းခြောက်နိုင်ငံတွင် တရားမဝင် မှောင်ခိုရောင်းဝယ်သူများဟု မသင်္ကာသူ လူ ၈၀ ကို ဖမ်းဆီးခဲ့ပြီး ဆေးဝါးအတု ၉၀၇၂ ကီလိုဂရမ် (ပေါင် ၂၀၀၀၀) ကိုလည်း အာဏာပိုင်များက သိမ်းဆည်းလိုက်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပိုက ယနေ့ထုတ်ဖော်ပြောကြားသည်။

အိုင်ဗရီကို့စ်နိုင်ငံ အာဘစ်ဂျန်မြို့ရှိ မှောင်ခိုဆေးဝါးဈေးကွက်တစ်ခုကို တွေ့ရစဉ်။

နှစ်လကြာ စစ်ဆင်ရေးဆင်နွှဲခဲ့သည့် ကာလအတွင်း စစ်ဆေးမှုနှင့် စီးနင်းရှာဖွေမှုပေါင်း ၃၀၀ ကျော်တို့ကို ယူဂန္ဓာ၊ ဘူရွန်ဒီ၊ ကင်ညာ၊ ရဝမ်ဒါ၊ တန်ဇန်းနီးယားနှင့် ဇန်ဇီဘာနိုင်ငံတို့တွင် ပြုလုပ်ခဲ့ရကြောင်း အင်တာပိုက ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြထားသည်။

သိမ်းဆည်းပစ္စည်းများ

သိမ်းဆည်းရမိသော ပစ္စည်းများတွင် ငှက်ဖျားရောဂါကုဆေးနှင့် ထိုးဆေးများ၊ ပဋိဇီဝဆေးဝါးများလည်း ပါဝင်သည်။ ယင်းအနက် မှောင်ခိုဈေးကွက်သို့ လမ်းကြောင်းပြောင်းရောက်ရှိသွားသောအစိုးရဆေးဝါးများလည်း ပါဝင်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ပဲစေ့အရွယ်မျှသာရှိသော ဖားမျိုးစိတ် မလေးရှား ဘော်နီယိုကျွန်းတွင် တွေ့ရှိ

ကွာလာလမ်ပူ ဩဂုတ် ၂၆

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းဒေသတွင် ပဲစေ့အရွယ်မျှသာရှိသော ဖားမျိုးစိတ်တစ်မျိုးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂၆ ရက်သတင်းများတွင် ဖော်ပြသည်။ ယင်းဖားမျိုးစိတ်သည် အာရှ အာဖရိကနှင့် ဥရောပတိုက်တို့တွင် တွေ့ရှိဖူးသမျှ အသေးငယ်ဆုံး ဖားမျိုးစိတ်အဖြစ် စာရင်းဝင်ခဲ့ပြီဖြစ်သည်။

သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော အရွယ်ရောက်ပြီးဖြစ်သည့် ဖားထီးငယ်သည် ခန္ဓာကိုယ်ပြက် ၁၀ ဒသမ ၆ မီလီမီတာနှင့် အလျား ၁၂ ဒသမ ၈ မီလီမီတာမျှသာရှိကြောင်း သိရသည်။ ယင်းဖားငယ်ကို ၎င်းတွယ်ကပ်နေထိုင်ရာ အပင်ကို အစွဲပြု၍ မိုက်ခရိုဟိုင်လာနီပင်သီကိုလာ (Microhyla nepenthicola) ဟု သတ္တဗေဒမျိုးစိတ်အမည် ပေးခဲ့ကြောင်း သိရသည်။ ပျောက်ဆုံးနေသော ကုန်းရေနှစ်ထွေနေ သတ္တဝါမျိုးစိတ် ၁၀၀ ကို

ပြန်လည်ဖော်ထုတ်ရန် ကြိုးပမ်းနေသော ပညာရှင်အဖွဲ့တစ်ဖွဲ့က ယင်းပဲစေ့အရွယ်မျှသာရှိသော ဖားမျိုးစိတ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရွှေဘိုဒီဂရီကောလိပ်၌ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ပညာရေး)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း လိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ သွားရောက်၍ ဘွဲ့ကြို၊ ဘွဲ့လွန် တက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ သင်ယူတတ်မြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေဘိုဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင် လိုက်ပါလျက် ဩဂုတ် ၂၄ ရက်တွင် ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီးများ၊ အတန်းမှူးများ၊ ဘာသာရပ်မှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ကန့်ဘလူမြို့နယ် ဇီးကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ထန်းကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သို့ ရောက်ရှိ၍ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင်ကြားရေးနှင့် အောင်ချက်မြင့်မားရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကန့်ဘလူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြောက်ပိုင်းခရိုင်၌ အမှတ်အများဆုံး ငါးဘာသာ ဂုဏ်ထူးရှင် မောင်ကောင်းစံအောင်အား ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။ (၃၂၃)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၈-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ-ဘွဲ့မည်တွင်ခေါ် မိုးကုတ်ဆရာတော် (အပိုင်း-၁)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ-ပင်လယ်လိပ်တို့၏ရှင်သန်ရာဘဝခရီး (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ချစ်ကြိုးယှက်နွယ် (အပိုင်း-၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၉)**
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

◆ **ကျောဖုံးမှ**

ထို့အပြင် နိုင်ငံတော်အကြီးအကဲက ယခုတည်ဆောက်သည့် ဧရာဝတီမြစ်ကူး နှစ်လမ်းသွား ကားလမ်းတံတားကြီးကို ၄-၂-၂၀၁၀ ရက်တွင် ရတနာသိယ်တံတားဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၅-၃-၂၀၁၀ ရက်က ကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၀)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရတနာသိယ်တံတား တည်ဆောက်ရေး စီမံကိန်းနှင့် ပတ်သက်သည့် တံတားဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ရာ အတည် ပြုချက်ရရှိခဲ့သည်။

တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများမှာ-

တံတားအမည်	- ရတနာသိယ်တံတား၊
တည်နေရာ	- စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၊
တံတားအရှည်	- ၂၄၈၀ ပေ (သံပေါင်အရှည် ၂၂၁၁ပေ)၊
ခန်းဖွင့်ဖွဲ့စည်းပုံ	- ၇၅၆ မီတာ(၂၀ မီတာ× ၄ ခန်း+၁၁၂ မီတာ × ၆ခန်း)၊
ယာဉ်သွားလမ်းအကျယ်	- ၂၈ပေ(နှစ်လမ်းသွားကားလမ်း)၊ လူသွားလမ်းအကျယ် - တစ်ဖက်လျှင် သုံးပေ(နှစ်ဖက်)၊
တံတားအမျိုးအစား	- အောက်ထည် - သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်၊ အပေါ်ထည်-သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊
ရေလမ်းကင်းလွတ်အကျယ်	- ၃၂၀ပေ၊
ရေလမ်းကင်းလွတ်အမြင့်	- ၄၇ပေ(အမြင့်ဆုံးရေမှတ်)၊
တံတားခံနိုင်ဝန်	- HS.25 ၄၅တန် နှစ်လမ်းသွား ၇၅ တန်၊ (ယာဉ်တစ်စီးချင်း)
တံတားချဉ်းကပ်လမ်း	- ဧရာဝတီမြစ်အရှေ့ဘက် စဉ့်ကူး၏ ချဉ်းကပ်လမ်းအရှည် သုံးမိုင် နှစ်ဖာလုံခန့်၊ ဧရာဝတီမြစ်အနောက်ဘက် နွယ်ငြိမ်း၏ ချဉ်းကပ်လမ်းအရှည် နှစ်မိုင်ခန့်ဖြစ်သည်၊
ရတနာသိယ်တံတား ခန့်မှန်းတန်ဖိုး	- ပြည်တွင်းသုံးငွေကျပ် ၆၃၃၆ သန်း၊ ပြည်ပသုံးငွေ US$ ၄ သန်း။

ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ရတနာသိယ်တံတားခြေရင်းတွင် နွယ်ငြိမ်းဆိုသောရွာကလေးရှိသည်။ နွယ်ငြိမ်းသည် ကျေးရွာအုပ်စုဖြစ်ပြီး နွယ်ငြိမ်းတစ်ရွာတည်း၌ အိမ်ခြေပေါင်း ၃၀၀ ကျော်နှင့် လူဦးရေ ၁၇၀၀ ကျော်ရှိသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ စဉ့်လုပ်ငန်းဖြစ်သည်။ ထိုစဉ့်လုပ်ငန်းဖြစ်ပေါ်လာပုံမှာ ၁၇၅၆ ခု အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ပြည်ထောင်စုနယ်မြေ တိုးချဲ့စဉ်အခါက မွန်တို့ဒေသ ရာမညတိုင်း တလိုင်းသုံးရပ် အစရှိသည့် ပဲခူး၊ မုတ္တမ၊ မော်လမြိုင် မြို့ရွာနယ်ပယ်များမှ အခြားပန်းဆယ်မျိုး ပညာရှင်များနည်းတူ အိုးလုပ်ငန်းကျွမ်းကျင်သော ပညာရှင်များကို မင်းနေပြည်တော် ရွှေဘိုသို့ ခေါ်ခဲ့ပြီး စဉ့်အိုးပညာများကို သင်ကြား၍ အသက်မွေးဝမ်းကျောင်း ပြုစေခဲ့သည်ဆို၏။

ထိုအချိန်မှစ၍ စဉ့်ပညာရှင်များသည် နွယ်ငြိမ်းကျေးရွာ အပါအဝင် ပတ်ဝန်းကျင် ကျေးရွာများ၌ အခြေစိုက်နေထိုင်ကြပြီး စဉ့်အိုးလုပ်ငန်း လုပ်ကိုင်ရန် ထိုဒေသ၌ အိုးမြေများ ရှာဖွေတွေ့ရှိသဖြင့် အလောင်းမင်းတရားကြီးထံ တင်ပြရာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက အိုးမြေများ နန်းတော်အောက်မှ တွေ့လျှင် နန်းတော်ကိုပင်ဖယ်ပေး၍ အိုးလုပ်ငန်းကို လုပ်ကိုင်စေရမည်ဟု တစ်ကြောင်းစာချွန် ထုတ်ပေးခဲ့ဖူးကြောင်း သိရသည်။ ယခုအခါ နွယ်ငြိမ်းတွင် ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်များ၊ ပန်းအိုးအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်း ပုံစံမျိုးစုံနှင့် အိုးကြီးပိဿာ ၁၅၀ ဝင်မှ ၅ ပိဿာအထိ အမယ်ပေါင်း ၅၀ ကျော် ထုတ်လုပ်လျက်ရှိသည်ဟု သိခဲ့ရသည်။

နွယ်ငြိမ်းကျေးရွာ သမိုင်းအကျဉ်း

ပထမ အင်းဝခေတ် မြန်မာသက္ကရာဇ်(၇၂၆-၇၂၉)ခုနှစ်အတွင်း သတိုးမင်းဖျားလက်ထက် သိုဟန်ဖွားများ ဝင်ရောက်လာသဖြင့် အင်းဝနေပြည်တော်မှ ဘုရင့်အနွယ်တော်များနှင့် ပြည်သူများသည် အထက်မြန်မာပြည်သို့ ထွက်ပြေးတိမ်းရှောင်ပြီး လက်ရှိဒေသအတွင်း အခြေချလုပ်ကိုင်နေထိုင်ခဲ့ကြသည်။

ဒုတိယအင်းဝခေတ် မြန်မာသက္ကရာဇ် ၉၅၉ ခုနှစ် ညောင်ရမ်းမင်း ၁၀ ဆက်ကို ညောင်ရမ်းမင်းတရားကြီး တည်ထောင်ခဲ့ပြီး ညောင်ရမ်းမင်းဆက် ခုနစ်ဆက်မြောက် ရမည်းသင်းမင်း(ခေါ်)မင်းရဲကျော်ထင်၊ ဝမ်းဘဲအင်းခံမင်း(ခေါ်)အင်္ဂါမင်း၊ လေးမည်ရမင်းလက်ထက်တွင် ၁၀၃၄ ခုနှစ် တန်ခူးလဆန်း နန်းတက်သည့်အခါ နိုင်ငံတော်ကို ပြန်လည်စီစစ်စည်းကြပ်ရာ ယခုနွယ်ငြိမ်းဒေသအတွင်းရှိ ပြည်သူများမှာ အင်းဝနေပြည်တော်မှ ရှောင်တိမ်းလာသော အနွယ်တော်များဖြစ်ပြီး အေးငြိမ်းစွာ နေကြသည်ဖြစ်၍ အကောက်ခွန်လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့သည်ဟု ဆိုသည်။

သို့မှ အနွယ်တော်ငြိမ်းဟု ကျေးရွာအမည်တွင်ခဲ့ပြီး ကာလဝေါဟာရ ဆင်းသက်လာမှုအရ နွယ်ငြိမ်းဟု ဖြစ်သွားခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

စာရေးသူတို့အဖွဲ့သည် ဧရာဝတီတံတား ရတနာသိယ် တည်ဆောက်ရေး စီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၁၄)မှ ဆောင်ရွက်လျက်ရှိသော ဘိုးပိုင်လုပ်ငန်း PILE CAP လုပ်ငန်း၊ PIER. SHAFT လုပ်ငန်းနှင့် CROSS BEAM လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားထိပ်နှစ်ဖက်တွင် သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ ချဉ်းကပ်လမ်းဖောက်လုပ်နေမှုများကို ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးကြသည်။

ယင်းနောက် လုပ်ငန်းခွင်၌ စီမံကိန်းအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းအား တွေ့ဆုံမေးမြန်းရာ ဦးကျော်လင်းက မိမိသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဖြစ်ကြောင်း အထူးတာဝန်ပေးချက်အရ ရတနာသိယ်တံတားကြီး တည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာအဖြစ် တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း၊ ဤတံတားကြီး ရေလယ်တိုင်များ၏ အုတ်မြစ်ဒီဇိုင်းပုံ တွက်ချက်နိုင်ရေးအတွက် မြေစမ်းသပ်ခြင်းလုပ်ငန်းကို ၆-၂-၂၀၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် ၁၆-၄-၂၀၁၀ ရက်တွင် ပန္နက်တင်မင်္ဂလာကို ဆောင်ရွက်ခဲ့ပြီး ထိုနေ့မှစ၍ စက်ယာဉ်ယန္တရားများဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ပင်မတံတားကြီးတစ်ခုလုံး၏ လုပ်ငန်းပမာဏပြီးစီးမှု ရာခိုင်နှုန်းမှာ ၂၀၁၀ ဇူလိုင်လအထိ ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ လုပ်ငန်းအရှိန်အဟုန်သည် မြစ်ရေစီးနှေးသည့် နွေရာသီက ရေလယ်တိုင်အုတ်မြစ်များ တည်ဆောက်ရသည်မှာလွယ်ကူကြောင်း၊ ယခုမိုးရာသီတွင် ရေစီးကြမ်းချိန်လည်းဖြစ်ပြီး စီမံကိန်းတံတားကြီး၏နေရာ ဧရာဝတီမြစ်၏ အောက်ခြေတွင် ကျောက်ဖျာများတွေ့ရသည့်အတွက် ကျောက်ဖျာများကို လွန်ဖြင့် ဖောက်ရန်အတွက် ရေနည်းနည်းငြိမ်မည့် အချိန်စောင့်ဆိုင်းပြီး တဖြည်းဖြည်း လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ မိမိတို့တွင် ကျောက်ဖျာဖောက်သည့် စက်များရှိကြောင်း၊ မိမိတို့သည် နဝဒေးတံတားတည်ဆောက်စဉ်က ရေအောက်၌ ကျောက်ဖျာတွေ့သဖြင့် လွန်နှင့်ဖောက်ပြီး တံတားတိုင်များ တည်ဆောက်ခဲ့ဖူးသည့်အတွေ့အကြုံ ရှိပြီးဖြစ်ကြောင်း။

တံတားတည်ဆောက်ရာတွင် မလွတ်ကင်းသည့် နွယ်ငြိမ်းကျေးရွာမှ အိမ် ၅၉လုံးနှင့် အိုးဖုတ်သည့် ဖိုကြီးသုံးလုံးကို ဖယ်ရှားပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တံတားချဉ်းကပ်လမ်းနံဘေးတွင် အိမ်များကို ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ဒေသ၌ ယခုကဲ့သို့ တံတားကြီးတစ်စင်းကို နိုင်ငံတော်က တည်ဆောက်ပေးနေ၍ ဝမ်းသာနေကြကြောင်း၊ ထို့ပြင် ၎င်းတို့အနေဖြင့် ယခုကဲ့သို့ ရာသီအိုးလုပ်ငန်းနားနေချိန်တွင် တံတားစီမံကိန်း၌ ပါဝင်လုပ်ကိုင်နိုင်၍ အပိုဝင်ငွေ ရနေကြကြောင်း။

မိမိတို့ တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၄)သည် ယခုရတနာသိယ်တံတားကြီးနှင့်အတူ အထက်မြန်မာပြည်ရှိ တံတားကြီးငယ်များကိုလည်း ပူးတွဲတည်ဆောက်နေကြောင်း၊ တံတားအထူးအဖွဲ့ (၁၄)တွင် အင်ဂျင်နီယာအင်အား ၄၅ ဦးရှိပြီး ပညာသည် ဝန်ထမ်း ၁၀၀ ကျော်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ဤတံတားကြီး တည်ဆောက်ပြီးစီးပါက ဧရာဝတီအရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ- ဗန်းမော်-မြစ်ကြီးနားလမ်းသို့ ရောက်ရှိပြီး ဖော့တောလမ်းဆုံမှ တစ်ဆင့် မိုးကုတ်သို့ လည်းကောင်း၊ တွင်းငယ်လမ်းဆုံမှ မိုးမိတ်သို့ လည်းကောင်း၊ ငါးအိုလမ်းဆုံမှ မဘိမ်းသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ထို့အတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှ တစ်ဆင့် မန္တလေး- ရွှေဘို-မြစ်ကြီးနားလမ်းသို့ လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့ လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့မှ တစ်ဆင့် ချင်းပြည်နယ်သို့ လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ပါကြောင်းတို့ကို ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ရတနာသိယ်တံတား ကျောက်မြောင်းဘက်ကမ်း ချဉ်းကပ်လမ်းကို ဖောက်လုပ်နေစဉ်။

ရတနာသိယ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် စဉ့်ကူးဘက်ကမ်းရှိ တံတားကမ်းကပ်တိုင်များကို ကွန်ကရစ်လောင်းနေစဉ်။

ရတနာသိယ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ဘိုးပိုင်များ ကွန်ကရစ်လောင်းရာတွင် အသုံးပြုသည့် သံချည်သံကွေးများ တပ်ဆင်နေကြစဉ်။

ဝန်ကြီး ဦးဌေးဦး မိုးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်း မော်တော်ကားလမ်းဘေး ဝဲယာတစ်လျှောက်၌ မိုးစပါးစိုက်ခင်းများနှင့် ရိတ်သိမ်းတော့မည့် တစ်မိုးနှစ်သီး စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ လယ်သမားကြီးဦးစိန်ဝင်း၏ လယ်မြေ၌ တစ်မိုးနှစ်သီး စပါးစိုက်ခင်းတွင် ပထမစပါးဖြစ်သည့် သက်တမ်း(၇၅)ရက်ရှိသော ထွန်းသီရိစပါးများစက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဒုတိယစပါးတစ်သီးဖြစ်သည့် သီးထပ်ရင်စပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကာ ပလတ်စတစ် ဆန်ကာပိုက်ဖြင့် ပျိုးထောင်ထားသော စပါးပျိုးခင်းနှင့် ခေါင်နှံပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စများကို မှာကြားပြီး ညနေပိုင်းတွင် ဟင်္သာတမြို့ လက်သမားရပ်ကွက် (မြောက်ပိုင်း) ဦးပါရဲဘုရားအနီးရှိ ဟင်္သာတကမ်းနားတာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ လယ်သမားကြီး ဦးစိန်ဝင်း၏ လယ်မြေတွင် ထွန်းသီရိစပါးများ စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ်လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T)ပဋိညာဉ်စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီငါးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် B.O.T ဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးဆောင်ရွက်ခြင်း ဖြစ်ကြောင်းနှင့် စာချုပ်ပါ အချက်အလက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ငါးခုကိုယ်စား လီဒိုဟိုင်းဝေး ကုမ္ပဏီ ဥက္ကဋ္ဌဦးဌေးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မက်စ်မြန်မာ ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ၊ လီဒိုဟိုင်းဝေး ကုမ္ပဏီ ဥက္ကဋ္ဌ၊ ထွန်းညီလူ ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဆုထူးပန် ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာတို့က လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးအတွက် စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီ ငါးခုတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်ကြသည့် မက်စ်မြန်မာကုမ္ပဏီက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖြစ်သည့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၇)၊ မြို့ပတ်လမ်းနှင့် ထောက်ကြန့်မြို့ရှောင်လမ်း စုစုပေါင်း ၃၇ မိုင် ငါးဖာလုံ၊ လီဒိုဟိုင်းဝေးကုမ္ပဏီက မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း၏ မြစ်ကြီးနား-တနိုင်းအပိုင်း ၁၁၉ မိုင် လေးဖာလုံ၊ ထွန်းညီလူဆောက်လုပ်ရေး ကုမ္ပဏီက ချောင်းဦး-ပခုက္ကူလမ်း ၃၈ မိုင် တစ်ဖာလုံ၊ အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီက ဘားအံ-ကော့ကရိတ်-မြဝတီလမ်း မိုင် ၁၁၀ နှစ်ဖာလုံနှင့် ဆုထူးပန်ကုမ္ပဏီက မန္တလေး-ဖော့တော-သပိတ်ကျင်း လမ်းအပိုင်း ၄၇ မိုင် လေးဖာလုံနှင့် မုံရွာ-ရေဦးလမ်း ၅၄ မိုင် စုစုပေါင်းလမ်းမိုင် ၄၀၇ မိုင် တို့ကို ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြခြင်းဖြစ် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပြည်သူ့ဆေးရုံအဝင်လမ်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်ခင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသောတရားတော်"
၆း၄၅	ဖူးမည်အမှန်. . . ထူးမည်ဧကန်. . . မာရ်ငါးမာရ်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၀)**
၈း၃၅	7 Golden Girls Live Show (Part-5)
၉း၂၅	Activities In the City [ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ]
၉း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၁)
၁၀း၃၀	ကုသိုလ်ယူဆင်ကာန္တဲ့. . . မော်ကျွန်းမြို့ရဲ့အလှူပွဲ
၁၀း၄၀	လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
၁၁း၀၀	သာသနာ့အမွေခံရုပ်ဝန်း
၁၁း၁၀	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) (စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀)
၁၁း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ)
၁၁း၅၅	ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ"တိမ်ကြားမိုး"နှစ်ပါးခွင်
၁၂း၁၀	Say It In English
၁၂း၃၀	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၁၂း၃၅	Activities In the City [ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ]
၁၂း၅၀	ကုသိုလ်ယူဆင်ကာန္တဲ့. . . မော်ကျွန်းမြို့ရဲ့အလှူပွဲ
၁း၀၀	"ဆရာတော်ဘဒ္ဒန္တနာရဒ ဟောကြားတော်မူသောတရားတော်'
၂း၀၀	MRTV-4 သတင်း
၂း၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၃း၂၀	သာသနာ့အမွေခံရုပ်ဝန်း
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၀)**
၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၃၅	လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
၄း၅၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) (စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀)
၅း၁၅	Shooting Making "ဖမ်းစားသည်"ဇာတ်ကား ရိုက်ကွင်း
၅း၃၅	MNL Preview
၆း၀၀	MRTV-4 သတင်း
၆း၂၀	FMF Selection
၆း၄၅	ဖက်ရှင်လမ်းညွှန် (ဆန်းသစ်တီထွင် ပိတ်စပတ်ဖက်ရှင်)
၆း၅၅	7 Golden Girls Live Show (Part-6)
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Photo City ဓာတ်ပုံပြပွဲ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၀)**
၁၀း၀၀	ကြိုးစားကာတင်ဆက်ချင် ရွှေမြန်မာ"တိမ်ကြားမိုး"နှစ်ပါးခွင်
၁၀း၁၅	Shooting Making "ဖမ်းစားသည်"ဇာတ်ကား ရိုက်ကွင်း
၁၀း၃၀	Sports World
၁၀း၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ)
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ် (Photo City ဓာတ်ပုံပြပွဲ)
၁၁း၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၀	အမြင့်သဘင်၏ရုပ်သေးသမဇဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၁၂း၁၀	နှောင်းနှောင်တ (ထက်ထက်၊ ဆောင်းအိန္ဒြေထွန်း၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၂း၁၅	အဏုဇီဝတွင်းထွက်ရတနာ
၁၂း၂၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပင်လောင်းမြို့ သာယာလှပရေးဆောင်ရွက်

ပင်လောင်း ဩဂုတ် ၂၆

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအေးကိုသည် တာဝန်ခံအင်ဂျင်နီယာနှင့်အတူ တောင်ဆီးပွားကျေးရွာနှင့် မင်းဘူးကျေးရွာတို့အား ဆက်သွယ်ထားသည့် မင်းဘူးကျေးလက်လမ်းအား ဩဂုတ် ၁၉ ရက်က ကွင်းဆင်း၍ ကျေးလက်လမ်းဆိုင်းဘုတ်တပ်ဆင်ခြင်း၊ ကျေးလက်လမ်းတံတားပေါ်တွင် ခံနိုင်ဝန်သတ်မှတ်ချက် ဆိုင်းဘုတ်တပ်ဆင်စိုက်ထူခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေမြောင်းများတူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

မျက်မှောက်နှင့် အနာဂတ်အကျိုးနှစ်ရပ်ဖော်ဆောင်မည့် အထူးစီမံကိန်းများ

ကျော်မျိုးနောင်

ယမန်နေ့မှ အဆက်

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် လမ်းတံတားဖောက်လုပ်ရေး စီမံကိန်းများမှာ ၁၄ ခုပင်ရှိလေသည်။ အဆိုပါ လမ်းများအနက် ပြင်ဦးလွင် မိုးကုတ်ကားလမ်းမှာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အား ပေါင်းကူးဆက်စပ်ပေးမည့် အရှည် ၉၇ မိုင် ခုနစ်ဖာလုံရှိ ကတ္တရာလမ်းအဆင့်ကားလမ်းဖြစ်သည်။ ပုသိမ်-ငပုတောကားလမ်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် လမ်းအမှတ် (၁၁) ဖြစ်သည်။ လမ်းအရှည် ၂၁ မိုင် လေးဖာလုံရှိပြီး အမာခံကျောက်လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ လမ်းပိုင်းအတွင်းတွင် ပေ ၆၀၀ အရှည်ရှိ ပေပင်မြစ်တံတား၊ ပေ ၄၀၀ အရှည်ရှိ သက္ကယ်ချောင်းမြစ်တံတားတို့ကိုပါ ထည့်သွင်းတည်ဆောက်မည့် စီမံကိန်းဖြစ်သည်။

တံတားစီမံကိန်းများတွင် မင်းလှ - စိန်ကန့်လန့် - မြို့ချောင်း - ဖဒို - ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း (ရိုးမဖြတ်ကျော်လမ်း) ပေါ်တွင် ဆောက်လုပ်မည့် မြို့ချောင်းတံတားသည် အရှည်ပေ ၂၄၀ ရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း အလယ်ပိုင်း (ပဲနွယ်ကုန်းဒေသ)နှင့် အနောက်ဘက်ခြမ်း အလယ်ပိုင်း (မင်းလှဒေသ) တို့ကို ဆက်စပ်ပေးနိုင်မည့်အပြင် မင်းလှ-ပဲနွယ်ကုန်းမှတစ်ဆင့် စစ်တောင်းတံတား (နတ်သံကွင်း)ကို ဖြတ်ကျော်၍



ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နေမှုကို တွေ့ရစဉ်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များအထိပါ သွားလာနိုင်မည်ဖြစ်သည်။ ကျားထူးချောင်းတံတားသည် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ်တွင်ရှိပြီး ပေ ၄၈၀ အရှည်ရှိကာ သံကူကွန်ကရစ် အမျိုးအစား နှစ်လမ်းသွားတံတား ဖြစ်သည်။ ဤတံတားပြီးစီးပါက မကွေးမြို့၊ နတ်မောက်မြို့မှ ပျော်ဘွယ်မြို့သို့ အရှေ့၊ အနောက်ဖြတ်လမ်းသဖွယ် အသုံးပြုနိုင်မည်ဖြစ်ပြီး ပျော်ဘွယ်မှတစ်ဆင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးစသည့်မြို့များသို့ အလွယ်တကူ သွားရောက်နိုင်မည်ဖြစ်သည်။

နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီး ကားလမ်းဟောင်းပေါ်ရှိ ပေ ၁၈၀ အရှည်ရှိ ကျွဲရှင်းတံတားနှင့် ပေ ၁၉၀ အရှည်ရှိ ပလွေးတံတားတို့သည် ယခင်က တစ်လမ်းသွား ဘေလီတံတားများဖြစ်ပြီး ခံနိုင်ဝန် ၁၃ တန်သာရှိသော တံတားများဖြစ်သည်။ယခုမူ ပလွေးတံတားကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် လည်းကောင်း၊ ကျွဲရှင်းတံတားကို လေးလမ်းသွား သံပေါင်ရက်မတံတားအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါ တံတားများပြီးစီးပါက နေပြည်တော်မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသို့ လည်းကောင်း၊ လမ်းသစ်ဖြစ်သည့် တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသို့ လည်းကောင်း လွယ်ကူစွာကူးသန်းသွားလာနိုင်တော့မည် ဖြစ်ပါသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေး ကားလမ်းသစ်ပေါ်တွင် ပေ ၁၈၀ အထက် တံတားကိုးစင်း တည်ဆောက်ရမည်ဖြစ်သည်။ ယင်းတို့မှာ ငလိုက်ချောင်းတံတား၊ ထန်းတပင်ချောင်းတံတား၊ ကိုးပင်ရိုးတံတား၊ စွန်ချောင်းတံတား၊ ပုလင်းချောင်းတံတား၊ စလေချောင်းတံတား၊ လိပ်ကမ်းချောင်းတံတားနှင့် ရွှေပန်းချောင်းတံတားတို့ဖြစ်သည်။ တံတားအားလုံး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများချည်းဖြစ်ပြီး တံတားအောက်ခြေ အုတ်မြစ်များကို သံကူကွန်ကရစ် လွန်တူးပိုင်များဖြင့် တည်ဆောက်မည်ဖြစ်သည်။ဤလမ်းပေါ်တွင် ပေ ၁၄၆၀ ရှိ ယင်းချောင်းတံတား စီမံကိန်းလည်း ရှိနေသည်။ နှစ်လမ်းသွား ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ်တို့ဖြင့် နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်မည်ဖြစ်သည်။ တံတားအားလုံးပြီးပါက ဤလမ်းသည် နေပြည်တော်မှ မကွေးကြားခရီးတာ အတိုဆုံးလမ်းကြောင်း ဖြစ်လာမည်ဖြစ်သည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ပြည်ညောင်တံတားသစ်သည်လည်း ဆောင်ရွက်မည့် စီမံကိန်းများတွင် အပါအဝင်ဖြစ်သည်။ ယခင်တံတားမှာ တံတားဟောင်းတစ်ခုဖြစ်ပြီး ယခုဆောင်ရွက်မည့် တံတားသစ်ကို တံတားဟောင်း၏အောက် ရေစုန်ဘက် ပေ ၁၀၀ ခန့်အကွာတွင် တည်ဆောက်မည်ဖြစ်သည်။ ပေ ၂၀၀ ရှည်ကာ ဘေးတစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းများပါ ထည့်သွင်းထားမည်ဖြစ်သည်။ စီမံကိန်းများတွင် ပြည် - ပေါက်ခေါင်း - တောင်ငူလမ်းသစ်ပေါ်တွင် ပေ ၁၉၀ ရှိ ညောင်ဝန်းတံတားဆောက်လုပ်မည့် စီမံကိန်းလည်း ပါရှိသည်။ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပြီးဖြစ်သော ဤလမ်းသည်လည်း ပြည်မြို့မှ တောင်ငူမြို့သို့ အတိုဆုံးသွားရောက်နိုင်မည့် လမ်းပင်ဖြစ်သည်။

မော်တင်စွန်း-ဟိုင်းကြီးကျွန်းကူးတံတား တည်ဆောက်ရေးစီမံကိန်းသည် မော်တင်စွန်းဘုရားမှ ဟိုင်းကြီးကျွန်းသို့ သွားလာရာတွင် ယခင်က သင်္ဘောဖြင့်သာ သွားလာနေရာမှ ယခုတည်ဆောက်မည့်တံတားဖြင့် သဘာဝဘေးအန္တရာယ်များကို စိုးရိမ်ပူပန်စရာမလိုတော့ဘဲ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည့် စီမံကိန်းဖြစ်သည်။ ၂၀၀၁ ပေ ရှည်လျားပြီး သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က စိစစ်အတည်ပြုခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့်စီမံကိန်းများတွင် စစ်တောင်းမြစ်ကူးတံတား သုံးစင်းပါဝင်သည်။ ဤစီမံကိန်းများသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး အထူးဒေသခြောက်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ထားသော လမ်းသုံးလမ်းပေါ်မှ တံတားစီမံကိန်းများဖြစ်သည်။ အဆိုပါ တံတားများမှာ ပေ ၅၄၀ ရှည်သော ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိ အုတ်တွင်းမြို့နယ် မြို့စိုးရွာအနီး တံတား၊ ပေ ၄၈၀ ရှည်သော ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်းပေါ်ရှိ တံတားနှင့် ပေ ၅၂၀ ရှည်

သော ခပေါင်း - မြင်းစု - ထန်းတပင်လမ်းပေါ်ရှိ တံတားတို့ဖြစ်သည်။ အဆိုပါ စစ်တောင်းမြစ်ကူးတံတားသုံးစင်းသည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများချည်းဖြစ်ပြီး စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာမည် ဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် တိုင်းပြည်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံကျသော အချက်တစ်ချက်ဖြစ်သည်။ လမ်းများမကောင်းဘဲ ပြည်သူတို့၏ စီးပွားရေးဖွံ့ဖြိုးမှု မဖြစ်နိုင်ပေ။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများလည်း လမ်းများမကောင်းဘဲ ရရှိနိုင်မည်မဟုတ်ပေ။ လမ်းပန်းဆက်သွယ်မှု မကောင်းခဲ့သော ယခင်ကာလများကို ပြန်ကြည့်ပါမူ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန် မသွား၊ မရောက်နိုင်ဘဲရှိခဲ့ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သူစိမ်းများသဖွယ် ဖြစ်ခဲ့ကြရသည်။ အမှန်စင်စစ် ထိတွေ့ဆက်ဆံမှုများမှ ရင်းနှီးချစ်ခင်လာကြမည်ဖြစ်သည်။ လမ်းများကောင်းမွန်လာပြီး တစ်နယ်နှင့်တစ်နယ်၊ တစ်ဒေသနှင့်တစ်ဒေသ အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် သွားလာ၍ လွယ်ကူလာလျှင် စာပေပညာများ သင်ယူလာနိုင်ပြီး ဗဟုသုတများစွာ ရရှိလာကြရုံမျှမက တိုင်းရင်းသားချင်း ရင်းနှီးမှုပိုမိုလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ယခုခွင့်ပြုခဲ့သော လမ်းတံတား စီမံကိန်းများသည် ရှမ်းပြည်နယ်ဘက်သို့လည်းကောင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ဘက်သို့လည်းကောင်း၊ ရိုးမကိုဖြတ်၍ အရှေ့မှအနောက်၊ အနောက်မှအရှေ့သို့လည်းကောင်း တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်ကာ ဆက်သွယ်ဖောက်လုပ်မည့်

သာယာကုန်း (၂၃၀)ကေဗွီ ပင်မဓာတ်အားခွဲရုံကို တွေ့ရစဉ်။



န်းများ

လမ်း၊ တံတားများဖြစ်ရာ ပြည်တွင်းကုန်စည်စီးဆင်းမှု၊ သွားလာမှုတို့ကို များစွာအထောက်အကူဖြစ်မည့် စီမံကိန်းများဖြစ်ပေသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယခုအစည်းအဝေးမှ ခွင့်ပြုချမှတ်ပေးသည့် စီမံကိန်းနှစ်ခု ရှိပါသည်။ ထိုစီမံကိန်းများတွင်ပါဝင်သည့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံ အမျိုးအစားဖြစ်သည်။ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၂၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ ကို

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော မံဆောင်းကြိုးတံတားကို တွေ့ရစဉ်။

တံတားတို့ဖြစ်သည်။
နှစ်လမ်းသွား သံကူ
ရှေ့ဘက်ကမ်းဒေသများ
းစွာအထောက်အကူပြု

ကိုင်းပြည်တစ်ခု၏ ဖွံ့ဖြိုး
ျက်ဖြစ်သည်။ လမ်းများ
နိုင်ပေ။ ပြည်ပမှ ရင်းနှီး
ည်မဟုတ်ပေ။ လမ်းပန်း
ပြန်ကြည့်ပါမူ တိုင်းရင်း
က်နိုင်ဘဲရှိခဲ့ရာ တိုင်းရင်း
သဖွယ် ဖြစ်ခဲ့ကြရသည်။
င်လာကြမည်ဖြစ်သည်။
တစ်ဒေသနှင့်တစ်ဒေသ
ာလျှင် စာပေပညာများ
မက တိုင်းရင်းသားချင်း
ရေးကို အထောက်အကူ
တား စီမံကိန်းများသည်
၊ မွန်ပြည်နယ်တို့ဘက်သို့
၊ အနောက်မှအရှေ့သို့
က်သွယ်ဖောက်လုပ်မည့်

ားခွဲရုံကို တွေ့ရစဉ်။

နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်ဖြစ်သည်။

ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၏ အနောက်မြောက်ဘက် ၁၁ ကီလိုမီတာ အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀၀ နှစ်လုံးဖြင့် ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၀၀၀ မှ ၄၂၀၀ အထိ ထုတ်လုပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ စက်ရုံအတွက် လောင်စာ

ကျောက်မီးသွေးကို ကလေးဝမြို့အနီး ပလူဇီဝ ကျောက်မီးသွေးတွင်းမှ အလုံအလောက် ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားလိုင်းအသစ် နှစ်ခုတည်ဆောက်ခြင်း၊ ပင်မဓာတ်အားခွဲရုံနှစ်ခုတည်ဆောက် ခြင်းစသည့် စီမံကိန်းနှစ်ခု ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း ၃၇ ခုပါဝင်ရာ ပင်မဓာတ်အားလိုင်း ၅၂ လိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ ၅၃ ရုံ တည်ဆောက်ခြင်းတို့ ဖြစ်သည်။ မဟာဓာတ်အားလိုင်းများအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဓာတ်အားဆက်သွယ် ပေးပို့သွားမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်နံတစ်လျား ရထားလမ်းများ ဖြန့်ကြက်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ ယခုလာမည့်

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ကာလတွင် စီမံကိန်းငါးခု အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်းသည် မိုင် ၁၂၀ ခန့်ရှည်လျားပြီး နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဆင်သေဘူတာမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့သို့ ဖောက်လုပ်မည့်လမ်းဖြစ်သည်။ အဆိုပါ ရထားလမ်းတွင် ဘူတာပေါင်း ၂၄ ဘူတာ၊ တံတားကြီးငယ်ပေါင်း ၅၂၅ စင်းနှင့် ဥမင်တစ်ခုတို့ ပါဝင်မည်ဖြစ်သည်။ မြစ်ကြီးနား-ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်းသည် ခရီးမိုင် ၄၇၄ မိုင် လေးဖာလုံရှည်လျားသည့် စီမံကိန်းဖြစ်ပြီး ဘူတာပေါင်း ၇၈ ဘူတာနှင့် တံတားကြီးငယ်ပေါင်း ၂၃၃၅ စင်း ပါရှိမည်ဖြစ်လေသည်။ အလားတူ မုံရွာ-ယာကြီး-ကလေးဝ-ကလေးရထားလမ်းလည်းပါရှိရာ ထိုစီမံကိန်းဖြင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဒေသများနှင့် ကဘော်ချိုင့်ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ထို့အပြင် တောင်ငူ-ယာသိုု-လွိုင်ကော် ရထားလမ်းစီမံကိန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါရထားလမ်းသည် မိုင် ၁၅၀ ရှည်လျားပြီး ဘူတာပေါင်း ၂၅ ဘူတာနှင့် တံတားကြီးငယ်ပေါင်း ၇၅၀ ပါဝင်လေသည်။ ရထားလမ်းဖောက်လုပ်ရေးသာမက ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်ဆန်မြို့များတွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားစက်ရုံများအားလုံး တည်ဆောက်ပြီးစီးပါက စက်ရုံပေါင်း ၁၁ ရုံမှ နှစ်စဉ် ဇလီဖားတုံး ၂၂ သိန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ရထားပို့ဆောင်ရေး စီမံကိန်းများသည် တစ်နယ်မှတစ်နယ်၊ တစ်ဒေသမှ တစ်ဒေသသို့ ကုန်စည်များ ပို့ဆောင်ရာတွင် အလွန်သက်သာသော

ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)တွင် ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

နှုန်းထားဖြင့် ပို့ဆောင်ပေးနိုင်သကဲ့သို့ ခရီးသွားလာမှုတွင်လည်း လုံခြုံစိတ်ချရမှု အပေးနိုင်ဆုံးဖြစ်လေသည်။ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရထားလမ်းမိုင်ပေါင်း ၁၄၉၄ ဒသမ ၇ မိုင်၊ ပေ ၁၈၀ အထက် ရထားလမ်းတံတား ၆၂ စင်း အပါအဝင် ရထားလမ်းတံတားပေါင်း ၅၃၂၈ စင်း၊ ရပ်စခန်းဘူတာအပါအဝင် ဘူတာပေါင်း ၃၉၄ ဘူတာတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ရထားလမ်းများသည် ဗြိတိသျှအစိုးရလက်ထက်မှ စတင်ခဲ့ပြီး ဗြိတိသျှအစိုးရအနေဖြင့် ၎င်းတို့၏ အုပ်ချုပ်ရေး ယန္တရားလည်ပတ်ရေး၊ စစ်ဘက်ပို့ဆောင်ရေး၊ မြန်မာ့သယံဇာတများ သယ်ထုတ်ရောင်းချရေးတို့အတွက်သာ အဓိကရည်ရွယ်ရင်းဖြစ်ရာ လက်ရှိနိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်၊ စေတနာ

တို့နှင့်ကား မည်သို့မျှ နှိုင်းယှဉ်၍ မရနိုင်ပေ။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရထားလမ်း၊ ကားလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ရထားလမ်းများ၏ ကျေးဇူးကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးလာနိုင်တော့မည်ဖြစ်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၂/၂၀၁၀) အစည်းအဝေးမှ နိုင်ငံတော်အတွက် အရေးပါ အဓိကကျသော စီမံကိန်းများ ချမှတ်အတည်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်အတွက် လက်ငင်းလိုအပ်ချက်များ ဖြစ်သည့်အပြင် အနာဂတ်အတွက် မရှိမဖြစ် လိုအပ်ချက်များလည်း ဖြစ်ပေသည်။ နိုင်ငံတော်၏ အကျိုးစီးပွားကို မျက်မှောက်ကာလသာမက နောင်လာနောက်သားများထိတိုင် ဖော်ဆောင်ပေးမည့် စီမံကိန်းများပင် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အနာဂတ်အတွက် မျှော်မှန်းချက်များထားရှိပြီး စီမံဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများ၊ ရလဒ်ကောင်းများ ပေါ်ထွက်လျက်ရှိသည်ကို ကျွန်တော်တို့ မျက်မြင်ဒိဋ္ဌ တွေ့ထိခံစားနေရပြီ ဖြစ်ပါသည်။ ဆက်လက် ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေကောင်းများလည်း ပိုင်ဆိုင်နေပြီဖြစ်ပါသည်။ ဤသည်တို့မှာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်၊ နိုင်ငံတော်အပေါ်ထားရှိသော စေတနာများမှ ပေါက်ဖွားလာသည့် ရလဒ်များပင်ဖြစ်ပါသည်။ ထို့မျှမက နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ တွဲလက်ညီညီ ဆောင်ရွက်ခဲ့သည့် ရလဒ်များလည်း ဖြစ်ပေသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့မှ ချမှတ်လိုက်သော စီမံကိန်းများကို ဌာနအလိုက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ စီမံကိန်းများ အကောင်အထည် ပေါ်လာသည့်အခါ နိုင်ငံတော်သည်လည်း ကဏ္ဍပေါင်းစုံ နယ်မြေအသီးသီး၌ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်ထောင်စုကြီးသည်လည်း ပိုမိုစည်းလုံးညီညွတ်ကာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းလာမည်ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်တော်တို့ ပြည်သူများအနေဖြင့် အထူးစီမံကိန်းကြီးများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကျရာအခန်းကဏ္ဍမှ ပါဝင်၍ တစ်တပ်တစ်အား ကြိုးစားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသတည်း။ ။

နိုင်ငံတော်အနေဖြင့် အနာဂတ်အတွက် မျှော်မှန်းချက်များထားရှိပြီး စီမံဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများ၊ ရလဒ်ကောင်းများ ပေါ်ထွက်လျက်ရှိသည်ကို ကျွန်တော်တို့ မျက်မြင်ဒိဋ္ဌ တွေ့ထိခံစားနေရပြီဖြစ်၊ ဆက်လက် ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေကောင်းများလည်း ပိုင်ဆိုင်နေပြီဖြစ်၊ ဤသည်တို့မှာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်၊ နိုင်ငံတော်အပေါ်ထားရှိသော စေတနာများမှ ပေါက်ဖွားလာသည့် ရလဒ်များပင်ဖြစ်။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲနှင့် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တုရင်အသင်းဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားသမားများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ပြိုင်ပွဲ ကျင်းပခဲ့မှုနှင့် ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကစားခုံများအလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ပထမရရှိသော အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားကလပ်ကို လည်းကောင်း၊ အားကစားသမားများအား တစ်ဦးချင်းဆုများကိုလည်းကောင်းပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စစ်တုရင်ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲနှင့် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားတွင် ပထမဆုရရှိသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သင်တန်းများဖွင့်ပွဲနှင့် ပြိုင်ပွဲဆုချီးမြှင့်ပွဲ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၆

အမှတ် (၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀)၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၁၀)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀)သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၁၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန Computer Powerpoint Presentation ပြိုင်ပွဲနှင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ ရှေးဦးစွာ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ပြိုင်ပွဲများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက Computer Powerpoint Presentation ပြိုင်ပွဲနှင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် Computer Powerpoint Presentation ပြိုင်ပွဲတွင် ပထမဆုရ ဦးမိုးထွန်းဝေက အမှတ် (၁) စစ်တောင်းစက္ကူစက်ဆိုင်ရာ အချက်အလက်များကို Powerpoint ဖြင့် ရှင်းလင်းပြသ၍ အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ဆွေဇင်စိုးက Time is Money ခေါင်းစဉ်ဖြင့် သရုပ်ပြ ပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ပိုင် မြို့မဈေးကြီးတွင် အထူးသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ ရက်က ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိရေး နေ့ချင်းပြီးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီသည် ဩဂုတ် ၂၃ ရက် နံနက် ၉နာရီခွဲမှစ၍ ညနေ ၄ နာရီအထိ စမ်းချောင်းမြို့နယ်အတွင်း လုပ်ငန်းလိုင်စင် ရယူနိုင်ရေးအတွက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သက်ဆိုင်ရာ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့နှင့် ပူးပေါင်း၍ လုပ်ငန်းလိုင်စင်ရရှိနိုင်ရေး နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

ကမာရွတ်မြို့နယ် အထက(၄)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်တက်နိုင်ဖျားအား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအုန်းသွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ပြီးဆုံး

နေပြည်တော် ဩဂုတ် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲ များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု (ယယ)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန	**ခုနစ်ဂိုး**
(ရဲကျော်သူရစိုး သုံးဂိုး၊ ဇော်ဇော်ထွန်း နှစ်ဂိုး၊ ကျော်အေးမင်းနှင့် သက်ထူးအောင်)	
စွမ်းအင်ဝန်ကြီးဌာန	**တစ်ဂိုး**
(ဉာဏ်လင်းထွန်း)	

(ဒိုင်) ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း အုပ်စု (ယယ)

ပို့ဆောင်ရေး ဝန်ကြီးဌာန	**နှစ်ဂိုး**
(မောင်မောင်အောင်နှင့် အောင်သူဟိန်း)	
ကာကွယ်ရေး ဝန်ကြီးဌာန	**ဂိုးမရှိ**

(ဒိုင်) ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်ရှုံး/ထွက်ပွဲစဉ်များကို ဩဂုတ် ၃၀ရက်တွင် ပေါင်းလောင်းကွင်း၌ ဘဏ္ဍာ/အခွန် ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(၁၀၇)

မင်္ဂလာကန်တော်ကြီး တူးဖော်ရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်ရှိ အများပြည်သူသောက်သုံးလျက်ရှိသော မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က သာကေတမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

အလှူငွေပေးအပ်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၈လမ်း အမှတ်(၃၈)နေ ဦးဝင်းကြူ-ဒေါ်စန္ဒာဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကန်တူးဖော်ရေးကော်မတီ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၅၆၈၅၇၊ ၀၉-၅၁-၈၇၀၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(၅၃)

အားကစားမြင့်တင် စိတ်လန်းရွှင်

တမူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ (တတိယအကြိမ်) အခမ်းအနားကို တမူးမြို့ကံကြီးဝတံတားနှင့် နန်းဖာလုံကြား ကားလမ်းအရှေ့ဘက် မြေကွက်လပ်၌ ဇူလိုင်၂၄ရက် နံနက် ၇နာရီခွဲတွင် ကျင်းပရာ အခမ်းအနားသို့ ခရိုင် ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၂၄၇ဦး တက်ရောက်ကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်းနှင့် ယမနေအပါအဝင် စုစုပေါင်း အပင် ၅၄၀ကို စိုက်ပျိုးကြသည်။

စိုက်ပျိုး

အလားတူ တမူးမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ(ဒုတိယအကြိမ်) အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် တမူး-ကလေး ကားလမ်းအနောက်ဘက် နယ်စပ်ကုန်သွယ်ရေးရုံးမျက်နှာစာ၌ ကျင်းပခဲ့ပြီး မန်ကျည်း၊ ပျဉ်းကတိုး၊ တမာ၊ စိန်ပန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ကံ့ကော်၊ မျောက်ငို၊ သီဟိုဠ်သရက်၊ ယမနေ၊ ကျွန်းနှင့် မဲဇလီ စုစုပေါင်းအပင်၆၅၀ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း (၃၉)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၃၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

(၃၉)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်ဟူသော အားကစားဆောင်ပုဒ်နှင့်အညီ အားကစားကဏ္ဍ၌ ထူးချွန်ထက်မြက်သော အားကစားသမားများအဖြစ် နိုင်ငံနှင့် လူမျိုးဂုဏ် တိုးတက်မြင့်မားလာအောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်များကို အစီအစဉ်အတိုင်း ကျင်းပသည်။

ရဲချုပ် တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်းများ ဖြစ်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တစ်သင်း၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှ တစ်သင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ၁၇ သင်း၊ ရဲလေ့ကျင့်ရေးကျောင်းများမှ သုံးသင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသမီးအသင်း ရှစ်သင်း စုစုပေါင်း အသင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ယနေ့မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

LUCKY BIRD ၏ ဒီဂျစ်တယ်မိတ္တူကူးစက်များ ဝသန်ကာလ အထူးဈေးရောင်းပွဲ ကျင်းပမည်

e-STUDIO

ရန်ကုန် ဩဂုတ် ၂၆

e-STUDIO အမှတ်တံဆိပ် Toshiba ဘက်စုံသုံး ဒီဂျစ်တယ်မိတ္တူကူးစက်များကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချနေသော Lucky Bird Trading Co., Ltd. သည် အဆိုပါ မိတ္တူကူးစက်များကို ဝသန်ကာလ အထူးဈေးရောင်းပွဲကျင်းပပြီး လျှော့ဈေးများ၊ လက်ဆောင်ပစ္စည်းများဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတွင် ဘဏ်ကြီးများ၊ ကုမ္ပဏီဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သင်တန်းကျောင်းများ၊ အဆင့်မြင့် စာစီစာရိုက်နှင့် မိတ္တူကူးဆိုင်များတွင် အများဆုံး တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြသော e-STUDIO 181၊ e-STUDIO 202s နှင့် e-STUDIO 207 အမျိုးအစားများကို အရေအတွက် အကန့်အသတ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါမိတ္တူကူးစက်များသည် ကွန်ပျူတာနှင့် ချိတ်ဆက်ပြီး Print ထုတ်ခြင်း၊ Scan ဖတ်ခြင်းတို့ကိုပါ အသင့်ဆောင်ရွက်နိုင်သည်။ အဆိုပါ အမျိုးအစားများအပြင် Solution ပါရှိသောအဆင့်မြင့် မိတ္တူကူးစက်များ၊ Heavy Duty မိတ္တူကူးစက်များ၊ ကာလာမိတ္တူကူးစက်များကို မှာယူလိုပါကလည်း အထူးနှုန်းထားများဖြင့် မှာယူပေးမည်ဖြစ်သည်။

ထို့အပြင် Toshiba မိတ္တူကူးစက်များကို လက်ရှိသုံးစွဲနေသူများအတွက်လည်း Toner များကို ဈေးနှုန်းများ လျှော့ချရောင်းချပေးမည့်အပြင်၊ အာမခံသက်တမ်းကျော်လွန်သွားသော စက်များကိုလည်း Toner တစ်တောင့်ဝယ်ယူတိုင်း Maintenance Service တစ်ကြိမ် အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

Toshiba-e STUDIO ဒီဂျစ်တယ်မိတ္တူကူးစက်များ၏ အားသာချက်များမှာ 100% Toner Recycle နည်းပညာ ပါရှိသောကြောင့် Toner လေလွင့်ဆုံးရှုံးမှု လုံးဝမရှိတော့ဘဲ၊ Toner ကုန်သည်အထိ ကူးယူနိုင်ခြင်း၊ Drum,Heater အစရှိသော အစိတ်အပိုင်းများ၏ သက်တမ်းကြာရှည်ခံခြင်းနှင့် တစ်နှစ်အပြည့်အဝ အာမခံ ရရှိခြင်းတို့ကြောင့် ပြုပြင်ထိန်းသိမ်းစရိတ် အလွန်သက်သာသွားခြင်း၊ Print ထုတ်သော နှုန်းသည် မိတ္တူဆွဲသောနှုန်းအတိုင်းသာ ဖြစ်ခြင်း၊ Toner နှင့် လိုအပ်သော အပိုပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ အသင့်သိုလှောင်ထားပေးခြင်း၊ လျှပ်စစ်အားချွေတာစေသော နည်းစနစ်ပါရှိသဖြင့် မီးဆွဲအားနှင့် မီတာခ သက်သာစေခြင်း၊ စက်၏ Down-time လျော့ကျစေရန် ကျွမ်းကျင် Technician များနှင့် လစဉ်ပုံမှန်ကြိုခိုင်မှု စစ်ဆေးပေးခြင်းတို့ဖြစ်သည်။

အထူးဈေးရောင်းပွဲကာလမှာ စက်တင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ဖြစ်ပြီး၊ Toshiba e- STUDIO မိတ္တူကူးစက်တစ်လုံးဝယ်ယူတိုင်း Toshiba Member အဖြစ် အထူးအခွင့်အရေးများ ခံစားခွင့်ရရှိမည်ဖြစ်သည်။ စိတ်ဝင်စားသူများ အနေဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များရှိ LUCKY BIRD အရောင်းပြခန်းများတွင် လေ့လာဝယ်ယူနိုင်သည်။

LUCKY BIRD အရောင်းပြခန်းများမှာ အမှတ်(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် ရန်ကုန် ဖုန်း-၀၁-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁၊ အမှတ်(၅) ၂၆ လမ်း၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြား မန္တလေး ဖုန်း-၀၂-၂၁၅၂၇ နှင့် အနောက်မြောက်ထောင့် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့၌ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးဒုက္ခသည်များအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ဝမ်းတွင်းမြို့နယ်၌ ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီခွဲမှ ၈ နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဝမ်းတွင်းမြို့ (၁)ရပ်ကွက်၊ သဲတော (၁)ရပ်ကွက်နှင့် လိန်ပင်၊ စိန်ပန်းပင်၊ ရေဆုံး၊ ညောင်ပင်သာ၊ မြေတိုင်ကန်၊ ခင်ကြီးနှင့် နဘဲကန်ကျေးရွာတို့ရှိ လူနေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ ကားလမ်း ရထားလမ်းနေရာအချို့၌ ရေကျော်ခြင်း၊ လမ်းမြေသားအချို့ ရေတိုက်စားခံရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးဒုက္ခသည်များအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မလှိုင်မြို့နယ်၌ ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီမှ ၄ နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နှောကန်ကျေးရွာ၊ သုံးတောင်ကျေးရွာနှင့် သမန်းတန်းကျေးရွာတို့၌ ရေ လေးပေခွဲခန့်အထိ ဝင်ရောက်ခဲ့သဖြင့် နေအိမ်အချို့ ပြိုကျပျက်စီးပြီး ကျွဲ၊ နွားတိရစ္ဆာန်အချို့ ဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ လူသေဆုံးမှုမရှိကြောင်း သိရသည်။

ထို့အပြင် နွားထိုးကြီးမြို့နယ်၌ ဩဂုတ် ၂၄ ရက် ည ၁၀ နာရီခွဲခန့်မှ ၂၅ ရက် နံနက် ၁ နာရီခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဒေါင့်ဘိုကျေးရွာအုပ်စု ငါ့စည်ကျေးရွာ၌ ရေများဝင်ရောက်ခဲ့သဖြင့် ကျေးရွာအပြင်ဘက်၌ နေထိုင်သူ မိသားစုမှ ငါးနှစ်အရွယ် ကလေးသူငယ် တစ်ဦး ရေနစ်သေဆုံးခဲ့ပြီး ကျွဲ၊ နွားတိရစ္ဆာန်အချို့ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ရေဘေးဒုက္ခသည်များအား ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး ချို့ယွင်းပျက်စီးသွားသည့် လမ်းနေရာများကို အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၃၅ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ သထုံမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ ရေးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၇ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၃ ဒီဂရီဖာရင်ဟိုက်		၂၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၂၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း		၂၆-၈-၂၀၁၀
မိုးရေချိန်	Tr	၂၆-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၀ဒသမ သုညဒီဂရီစင်တီဂရိတ်)၈၆ဒီဂရီဖာရင်ဟိုက်		၂၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၂၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း		၂၆-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၂၅-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆-၈-၂၀၁၀	၃၀မမ (၁ ဒသမ ၁၈ လက်မ)	၂၇ မမ (၁ ဒသမ ၀၆ လက်မ)	၁၈ မမ (သုည ဒသမ ၇၀ လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၃၉၅ မမ (၅၄ဒသမ၉၂လက်မ)	၁၅၅၃ မမ (၆၁ဒသမ၁၄လက်မ)	၁၈၃၅မမ (၇၂ဒသမ၂၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၈-၂၀၁၀ ရက် ၁၂း၃၀ နာရီတွင် အရှေ့ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

Software Developer များအတွက် Programming သင်တန်းများအကြောင်း ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၆

ကွန်ပျူတာနည်းပညာကို လေ့လာလိုသူများနှင့် Software Developer တစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် ကွန်ပျူတာနည်းပညာသင်တန်းများကို Information Solutions Co., Ltd.က ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိလမ်း အမှတ်၅၇(က)ရှိ အဆိုပါရုံးချုပ်၌ ကျင်းပသည်။

(အပေါ်ပုံ)

အစီအစဉ်အရ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းသန်းက ရှင်းလင်းပြောကြားရာတွင် ၎င်းသင်တန်းများကို တက်ရောက်ခြင်းအားဖြင့် Programming နည်းစနစ်များကို ကျွမ်းကျင်စွာ သိရှိနားလည်ရုံသာမက လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့ရမည့်ပြဿနာများကို စနစ်တကျဖြေရှင်းနိုင်ရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မား၍ မိမိတတ်သိထားသော နည်းပညာများကို လုပ်ငန်းခွင်တွင် အံဝင်ခွင်ကျ အသုံးချနိုင်စေရန်ဖြစ်ကြောင်း၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ကွန်ပျူတာနည်းပညာကို လေ့လာနေသူများ၊ နိုင်ငံခြားသွားရောက်၍ ကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းများ ဖြစ်ကြောင်း၊ ၎င်းသင်တန်းများမှာ Web Development Fundamental, Windows Application Development, Web Development with ASP. Net, Web Development with PHP, Database Application Development တို့ ဖြစ်ကြောင်း၊ သင်တန်းပြီး ဆုံးပါက On Job Training ကိုပါ တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါ သင်တန်းများကို ကွန်ပျူတာအခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ သင်တန်းများအတွက် လစဉ်တန်းခွဲသစ်များကို ဖွင့်လှစ်လျက်ရှိပြီး အချိန်မအားလပ်သူများအတွက်လည်း ညှိနှိုင်း သင်ကြားပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက i-Solution အမှတ် ၅၇(က)၊ သီရိလမ်း၊ ကိုးထပ်ကြီးဘုရားအနီး စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၉၀၂၆၊ ၀၉-၅၃၆၀၆၆၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း(MYANMAR GEOSCIENCES SOCIETY) က ကြီးမှူးကျင်းပမည့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က “Energy to 2035 and Beyond” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Geologists Society Singapore မှ Patron ဒေါက်တာဝင်းနိုင်က “Seismotectonics of Myanmar and Geotechnical Foundation” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၁၉ ရက်က ဗိုလ်တထောင် အထက(၁)၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ် ဆိုးကျိုးများ တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးလွင်ဦး ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

မသန်စွမ်းသူများအတွက် မန္တလေးမြို့၌ ရုံးခွဲ ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၆

မသန်စွမ်းသူများ၏ အကျိုးကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ထူးချွန်အားကစားသမားများ ပေါ်ထွက်အောင် ဆောင်ရွက်ခြင်း၊ အထူးဆေးကုသမှုပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အထက်မြန်မာပြည်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ခြံအမှတ်(၄) ၃၃-လမ်း ၆၇ လမ်းနှင့် ၆၈ လမ်းကြား CV လိုင်း မန္တလေးမြို့ ဖုန်း-၀၉-၆၈၁၈၆၉၃ ၌ အထက်မြန်မာနိုင်ငံရုံးခွဲကို ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်လိုသော မသန်စွမ်းသူများနှင့် အလှူရှင်များသည် အထက်ပါ မန္တလေးမြို့ လိပ်စာသို့ လည်းကောင်း၊ အမှတ်(၇၉၇) အခန်း (၁၀၄-ဘီ) ပထမထပ် မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉ တို့သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုး သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်/စက်ယန္တရားများ ကြံခိုင်ရေး ကွင်းဆင်းစစ်ဆေးလျက်ရှိရာ အဖွဲ့တာဝန်ရှိသူများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဆရာစံ၊ သက်န်းဒေါင့်လမ်း၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးလှိုင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဩဂုတ် ၈ ရက်က စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအတွက် ဦးခွေး(ကွယ်လွန်)၊ ဒေါ်ရင်ကွမ်မိသားစု မြောင်းမြသစ္စာရှင် ဆန်၊ ဆားစက်မိသားစုက တန်ဖိုးငွေကျပ် ၁၁၈၀၀၀၀ တန်ဖိုးရှိ နံနက်စာ ထမင်း၊ ဟင်းငါးမျိုး၊ ငှက်ပျောသီး၊ မုန့်မျိုးစုံနှင့် ဆပ်ပြာတို့ကို လှူဒါန်းရာ သူနာပြုဆရာမကြီး ဒေါ်မြင့်မြင့်ဦး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (စိတ်ကျန်းမာရေးဆေးရုံ)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ဇူလိုင် ၁၇ ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ရုံးအဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးတင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ကွင်းဆင်းကုသမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း Dental Public Health Section က ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုပေးရေး အစီအစဉ်အရ ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့)တွင် မှော်ဘီမြို့နယ်ရှိ ဖိုးဒေါနကုန်းကျေးရွာ၌ အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား သွားနှင့်ခံတွင်း ဆေးကုသမှု အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါခရီးစဉ်တွင် လိုက်ပါ၍ လုပ်အားဒါနပြုလိုသူ အသင်းဝင်များသည် ဒေါက်တာ ဦးအောင်သန်းနှင့် ဒေါက်တာ ဦးခင်ဇော် ဖုန်း-၀၉-၅၁၁၆၉၀၃ နှင့် ၀၉-၅၀၁၃၉၉၇ တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး လိုက်ပါမည့်သူများသည် ယင်းနေ့နံနက် ၆ နာရီခွဲတွင် နှင်းဆီသွားဆေးခန်း အမှတ်(၄၃၂-၄၄၄) ရွှေဘုံသာလမ်း ရန်ကုန်မြို့သို့ အရောက်လာကြရန်နှင့် မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ပြည့်နှစ် စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၆

ကိုဇော်ဝင်း(KMD)၏ ပန်းချီလက်ရာနှင့်အတူ မောင်ဟေမာ၊ ညွှန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်ယဉ်မှူး၊ နွေသင်နိုင်၊ ရွှေမြိုင်ပြုံးလဲ့မော်၊ မနွေ၊ ညိုဘန်း (လေးဝတီ)၊ မင်းနိုင်လေး(လမ်းမတော်)၊ ရွှေဘိုတင်အောင်၊ ခြိမ့်နိုင်တို့၏ ရသစုံ ကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ ငွေကြည်၊ သစ်ထွဏ်း၊ မြေဇာ၊ စိုးခတို့၏ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ မင်းယုဝေ၊ ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မကြန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်စံဝင်း၊ ထွန်းလပြည့်သစ်၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ တင်အောင် (စက်မှုတက္ကသိုလ်)၊ ဂွမ်းဖြူဇင်၊ တက္ကသိုလ်တင်ခ၊ နိုင်ဇော်၊ မောင်ဇင်ယော်၊ ရဲမာန်ခ၊ တင်မောင်ထက် (ကွမ်းခြံကုန်း)၊ တက္ကသိုလ်သခ်၊ မောင်ကြည်သစ်ဦး၊ လှဘုန်းအောင်၊ စစ်နွေ၊ ဗိုလ်ကလေးတင့်အောင်၊ မောင်စူးစမ်း၊ သော်ဇင်သစ်၊ ရေနံမြေမောင်မောင်ကြည်၊ ညောင်ဦးဖိုးချို၊ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)၊ ဦးကြည်ရွှေ၊ မြင့်ဆွေ (မျက်စိအတု)၊ မနုဿကျော်ဝင်း၊ ချင်းတွင်းဘထွေး၊ ရန်နိုင်၊ ဒေါက်တာဦးစံတင်အောင် (ရွှေဘို)တို့၏ စာပေရေးရာနှင့် သုတရသ ဆောင်းပါးများအပြင် ဆင်ဖြူကျွန်းအောင်သိန်း၊ ကုမုဒြာ၊ ကိုစော (ပထဝီဝင်)၊ မုဒ့ို-သုမွန်တို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင် ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၆

၂၀၁၁ ခုနှစ် ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး ထွက်ရှိပြီ ဖြစ်သည်။ တစ်နှစ်စာ ရေဖိုး ငွေကျပ် (၃၀၀၄၀၀)လှူဒါန်းကာ ပြက္ခဒိန်မေတ္တာလက်ဆောင်ရယူနိုင်သည်။ ယခုအထိ ရေအလှူဒါန ငွေကျပ် ၁၄၆၀၂ သိန်း လှူဒါန်းခဲ့ပြီး ရေသန့်ဘူးပေါင်း ၁၂ သိန်း လှူဒါန်းခဲ့သည်ကို သာဓုခေါ်၍ ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လှူင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရွှေတိဂုံ ဝေနေယျသုခဓမ္မာရုံ ဖုန်း-၃၈၁၇၃၆ နှင့် ၃၈၃၅၁၁ လိုင်းခွဲ(၁၇၁) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖြူးမြို့ ဘုရားကြီး အဝင်လမ်း ကျောက်စီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၉ ရက်က ပဲခူးစည်ပင်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တရားဝင်မှတ်ပုံတင်သွင်းထားသောပုလင်းပုံစံကို အတုအပပြုလုပ်သူများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် တရားဝင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော 24 HOURS သောက်ရေသန့်လုပ်ငန်းသည် သောက်ရေသန့်ထုတ်လုပ်ခြင်းနှင့် သောက်ရေသန့်လုပ်ငန်းသုံးပုလင်းအပါအဝင် ပစ္စည်းကိရိယာများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ သောက်ရေသန့်များကို ဖြန့်ဖြူးရာ၌ 24 HOURS ဟူသော အမည်ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၆၇၄၃/၂၀၀၀)ဖြင့်လည်းကောင်း၊ **သောက်ရေသန့်ထည့်သည့် ပုလင်းများ၏ပုံစံကို စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၈၇၉၁/၂၀၀၉)**ဖြင့်လည်းကောင်း အသီးသီး တရားဝင်မှတ်ပုံတင်ပြီး တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါလုပ်ငန်းတွင် သုံးစွဲသည့် **မှတ်ပုံတင်ထားသော ပုလင်းပုံစံများကို** အချို့သောသောက်ရေသန့်နှင့် အချိုရည်ထုတ်လုပ်သည့် လုပ်ငန်းများမှ **ပုလင်းပုံတူ** တုပ၍ ၎င်းတို့ထုတ်လုပ်သည့်ပစ္စည်းများကိုထည့်သွင်းကာ 24 HOURS သောက်ရေသန့်လုပ်ငန်းမှ ပစ္စည်းယောင်ယောင်သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် ဈေးကွက်ထဲတွင် ဖြန့်ဖြူး၍ရောင်းချနေကြောင်း သိရှိရပါသည်။

24 HOURS သောက်ရေသန့်ထုတ်လုပ်သည့် ကျွန်ုပ်၏မိတ်ဆွေများသည် ၎င်းတို့စက်ရုံမှ ထွက်ရှိသော သောက်ရေသန့်များကို ထည့်သည့် **ပုလင်းပုံစံ**များကို အခြားသောသူများ မတုပနိုင်ရန်အတွက် မှတ်ပုံတင်သွင်းစဉ်က



“ပုလင်းပုံစံကို ပုလင်း၏ အသားပေါ်တွင် မျဉ်းဖြောင့်(၄)ခုကိုကွေး၍ အမြောင်းပုံစံပြုလုပ်ကာပုလင်းအထက်အောက်တွင်ထိုမျဉ်းအမြောင်းများ၏ အစနှင့်အဆုံးကို ကြည့်ပါမူ ပန်းပွင့်တစ်ပွင့်၏ အဝန်းပုံစံကို ဖော်ပြထားပြီး” စသည်ဖြင့် ပုလင်း၏ပုံစံအရည်အသွေးကို တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ **ပုလင်းပုံစံတူ** ပြုလုပ်၍ဖြန့်ဖြူးသူများအနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာထောက်ထားလျက် **ပုလင်းပုံစံတုပထုတ်လုပ်ခြင်းမှ** ရပ်တန့်ပေးရန် ကြေညာအပ်ပါသည်။

အကယ်၍ ဆက်လက်၍ **ပုလင်းပုံစံတူတုပထုတ်လုပ်နေပါက** ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

24 HOURS သောက်ရေသန့်အဖွဲ့၏ လွှဲအပ်ချက်အရ-

စိန်ဂွန်းခင်မောင်သန်း LL.B
တရားရုံးချုပ်ရှေ့နေ(၆၀၅၁)
၁၁၃/၅+၆လွှာ(ဝဲခန်း)၊ ၅၂လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၀၆၅၄





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်းဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၆၅/က)နှင့် (၁၃၆၅/ခ)၊ ဧရိယာပေ(၂၀×၆၀)စီရှိ နှစ်(၆၀)ဂရန်မြေ(၂)ကွက် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဦးကျော်လွင်ဦး [၁၀/မလမ(နိုင်)၁၄၃၃၅၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ညွန့်ဝေ [၁၂/ဗဟန(နိုင်)၀၆၆၁၄၉]က အပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်ဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

သို့ဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်လွင်(ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ(၆၈၉၃)
အမှတ်(၅)၊ ငွေလရောင်လမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၉၃၉၄

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**

☆ RFA, DVB - **သွေးထိုးနေသည်။**

☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။**

ရောဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသနှစ်ခုကို အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်စေမည့်

ရောဝတီတံတား ရတနာသိယ်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - မိုးမြင့်လှိုင်

အဆင်အပြင် - ခင်မျိုးနိုင်

ရတနာသိယ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ရောဝတီမြစ်အတွင်း၌ တွေ့ရစဉ်။

အနောက်မြောက်ဘက်ရှိ တိုင်းဒေသကြီးမြို့တော် မုံရွာမှ ရောဝတီတံတား ရတနာသိယ်သို့ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄) က လာကြိုသောကားကလေးဖြင့် စာရေးသူတို့အဖွဲ့ လိုက်ပါလာခဲ့သည်။

ရောဝတီတံတား ရတနာသိယ် တည်ဆောက်ရေးစီမံကိန်းသည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်းကျေးရွာနှင့် ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့အနီးမှ ရောဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်နေသော တံတားတစ်စင်းဖြစ်သည်။ စာရေးသူတို့စီးလာသော ကားကလေးသည် တံတားစီမံကိန်းသို့အသွား မုံရွာမှထွက်ခဲ့ပြီး ကျောက်မြောင်းသို့ ဦးတည်လိုက်သည်။ ကျောက်မြောင်းမရောက်ခင် ရွှေဘိုကို ဖြတ်သန်းရသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မင်းနေပြည်တော် ဖြစ်ခဲ့သော မြို့ရွှေဘို၌ မိုးရေ၊ ဆည်ရေတို့ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွေက စိမ်းစိုလန်းဆန်းလျက်ရှိသည်။

ရွှေဘိုမှ ၁၈ မိုင်ခန့် မောင်းလာခဲ့သော် တံတားစီမံကိန်းတည်ရှိရာ နွယ်ငြိမ်းသို့ ရောက်ရှိသည်။

ရောဝတီတံတား ရတနာသိယ် တည်ဆောက်ရေးစီမံကိန်းသည် မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ လျင်မြန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲက ၂၅-၁-၂၀၁၀ ရက်နေ့တွင် လျာထားနေရာကို လမ်းညွှန်ခဲ့ပြီး ၂၇-၁-၂၀၁၀ ရက်နေ့တွင် ဆောက်လုပ်ခွင့်ပြုခဲ့သော တံတားဖြစ်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ◆